ကြေးမုံ
The Mirror
၁၃၇၃ ခုနှစ်၊ နတ်တော်လကွယ်၊ စနေနေ့၊ (24-12-2011) (ဖြ၈၃)

**စစ်မှန်သော မျိုးချစ်စိတ်ဓာတ်**

☆ ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။

☆ ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ်ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ဖြစ်သည်။

# ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး၏ စကားအင်း-တံတားဦး-တံခွန်တိုင်လမ်းပိုင်း ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်

## မော်တော်ယာဉ်များ ရန်ကုန်မှမန္တလေးအထိ တစ်ဆက်တစ်စပ်တည်း အချိန်တိုအတွင်း လွယ်ကူချောမွေ့စွာသွားလာနိုင်ပြီ

နေပြည်တော် ဒီဇင်ဘာ ၂၃

**ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးစီမံကိန်း၏ ဆက်စပ်လမ်းပိုင်းတစ်ခုဖြစ်သော စကားအင်း-တံတားဦး-တံခွန်တိုင်လမ်းပိုင်းကို ၂၀၁၁ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ စတင်၍ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယနေ့ အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်သည်။ အဆိုပါလမ်းပိုင်း ဖွင့်လှစ်နိုင်ခြင်းဖြင့် ရန်ကုန်မှ မန္တလေးအထိ တစ်ဆက်တစ်စပ်တည်း မော်တော်ယာဉ်များ အချိန်တိုအတွင်း လွယ်ကူချောမွေ့စွာ သွားလာနိုင်တော့မည်ဖြစ်သည်။**



ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး၏ စကားအင်း-တံတားဦး-တံခွန်တိုင်လမ်းပိုင်း ဖွင့်ပွဲအခမ်းအနားကို နံနက် ၈ နာရီ ၅ မိနစ်တွင် မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် တံခွန်တိုင်အဝိုင်းအနီးရှိ မင်္ဂလာမဏ္ဍပ်၌ စည်ကားသိုက်မြိုက်စွာကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး တက်ရောက်၍ ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

အဆိုပါ ဖွင့်ပွဲအခမ်းအနားသို့ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်၊ **စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆**

**ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး စကားအင်း-တံတားဦး-တံခွန်တိုင်လမ်းပိုင်း ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးစဉ်။**(ဝဲပုံ)**နှင့် ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး၏ စကားအင်း-တံတားဦး-တံခွန်တိုင်လမ်းပိုင်း ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသော ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။** (အောက်ပုံ)
(သတင်းစဉ်)

## သတင်းအညွှန်း

**လူမှုဖူလုံရေး ဥပဒေသစ်(မူကြမ်း) အပြီးသတ်ရေးဆွဲလျက်ရှိ**

"လူမှုဖူလုံရေး အာမခံစနစ်များနှင့် အကျိုးခံစားခွင့်များကို ပိုမိုတိုးမြှင့် ခံစားနိုင်မည်"

ပြည်တွင်းသတင်း စာမျက်နှာ ၂

**ရင်းနှီးမြှုပ်နှံမှုကို ပိုမိုတွန်းအားပေးရန် ဗဟိုဘဏ်အတိုးနှုန်း လျှော့ချသတ်မှတ်**

"ဗဟိုဘဏ်အတိုးနှုန်းကို ၁၂ ရာခိုင်နှုန်းမှ ၁၀ ရာခိုင်နှုန်းသို့ လျှော့ချမည်"

ပြည်တွင်းသတင်း စာမျက်နှာ ၅



ကြေးမုံ စာတည်း ရှုထောင့်

၂၄-၁၂-၂၀၁၁ [စနေနေ့]။

## ဈေးကွက်ဝင် ရာသီသီးနှံ အရည်အသွေးမြှင့်တင်

မြန်မာ့ရေမြေ ရာသီဥတုတွင် သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်များ ကောင်းစွာစိုက်ပျိုးဖြစ်ထွန်းသည်။ အရည်အသွေးကောင်းမျိုးနှင့်ခေတ်မီ စိုက်ပျိုးရေးနည်းပညာများ အသုံးပြုခြင်းဖြင့် ဒေသတွင်းစားသုံးမှု ဖူလုံရုံမျှမက ပြည်ပဈေးကွက်သို့ပင် တင်ပို့နိုင်မည်ဖြစ်သည်။ ဈေးကွက်တင်ပို့သည့် ပစ္စည်းများ အရည်အသွေးမြင့်မားရေး အထူးဂရုပြုကြရန် လိုအပ်သည်။

ပြည်ပဈေးကွက်သို့ တင်ပို့သည့်အခါ "အရည်အသွေး" စကားပြောလာသည်။ လယ်ယာထွက်ကုန်သီးနှံ၊ သစ်သီးဝလံတို့မှသည် ရေထွက်ပစ္စည်း၊ သစ်တောထွက်ပစ္စည်း၊ အနုပညာလက်ရာမြောက်ပစ္စည်း၊ စက်မှုထုတ်ကုန်၊ စက်မှုကုန်ကြမ်းသီးနှံ စသည် စသည်တို့အထိ အရည်အသွေးကောင်းမှ ဈေးကွက်တွင်မျက်နှာပန်းလှသည်။ ဝယ်သူ နှစ်ခြိုက်မှ ရောင်းအားကောင်းမည်။ မိမိတင်ပို့သည့် ကုန်ပစ္စည်းအရောင်းသွက်မှ အကျိုးစီးပွားပိုမိုဖြစ်ထွန်းနိုင်ပေမည်။

မန္တလေး၊ စစ်ကိုင်း၊ ပဲခူး၊ ရန်ကုန်တိုင်းဒေသကြီးတို့နှင့် ရှမ်းပြည်နယ်၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ် စသည့်ဒေသများတွင် ဟင်းသီးဟင်းရွက်ပန်းမန်နှင့် သစ်သီးဝလံများစီးပွားဖြစ်စိုက်ပျိုးနေကြသည်။ သီးနှံအမျိုးပေါင်း ၇၀ ကျော်ရှိသည်။ ရမည်းသင်းပတ်ဝန်းကျင် ကျေးရွာများမှ ပန်းမျိုးစုံ၊ မိတ္ထီလာဒေသမှ ဆီးသီးအမျိုးမျိုးတို့လည်း အရောင်းသွက်နေသည်။ မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်ရှိ အောင်ပန်း၊ တောင်ကြီး၊ ကလော၊ ကျောက်မဲ၊ နောင်ချို၊ သီပေါနှင့် လားရှိုးဒေသတို့သည် ငရုတ်စိုက်ပျိုးမှု ဖွံ့ဖြိုးသောဒေသများဖြစ်သည်။

ယခုနှစ် ကာလအတောအတွင်း ဖရဲသီးစိုက်ပျိုးတင်ပို့မှု များပြားလာသည်။ ပြည်ပရင်းနှီးမြှုပ်နှံမှုဖြင့် လုပ်ကိုင်နေသည့်ကုမ္ပဏီအချို့ ဧကထောင်နှင့်ချီ၍ စိုက်ပျိုးနေကြသည်။ တစ်နှစ်လျှင် ဖရဲသီးတန်ချိန် တစ်သိန်းခွဲကျော် တင်ပို့နိုင်၍ အကျိုးအမြတ်များသည်။ ဥယျာဉ်ခြံစိုက်တောင်သူအများစုမှာ သွင်းအားစုအရင်းအနှီးအားနည်းမှုကြောင့် သီးနှံအရည်အသွေးလည်း လျော့ပြီး ဈေးကွက်အရ နည်းနေသေးသည်။

တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် သစ်သီးဝလံများ အရည်အသွေး တိုးတက်ရေး ကျယ်ကျယ်ပြန့်ပြန့်လုပ်ကိုင်ရန် လိုအပ်နေပြီဖြစ်သည်။ ရန်ကုန်၊ ပဲခူး၊ ကရင်၊ မွန်၊ တနင်္သာရီဒေသတို့မှ ကျွဲကောသီးများ၊ မန္တလေးနှင့် စစ်ကိုင်းဒေသတို့မှ ဖရဲသီးနှင့်သခွားမွှေးများ၊ မွန်ပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့မှ နာနတ်သီးစသည့် သီးနှံများ အရည်အသွေး မြင့်မားတိုးတက်ရေး အားစိုက်လုပ်ဆောင်သွားကြရပေမည်။

ရေမြေ ရာသီဥတု မြေဆီမြေနှစ်ကောင်းမွန်သည်။ သီးနှံစုံစိုက်ပျိုးဖြစ်ထွန်းသည်။ စိုက်ပျိုးလုပ်ကိုင်မည့် ဒေသခံတောင်သူအများစုလည်းရှိသည်။ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၊ မြန်မာနိုင်ငံ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက် ပန်းမန်စိုက်ပျိုး ထုတ်လုပ်ရောင်းချသူများအသင်း၊ ပြည်တွင်း၌ ရင်းနှီးမြှုပ်နှံလုပ်ကိုင်နေသော စိုက်ပျိုးရေးလုပ်ငန်းရှင်များ ပူးပေါင်းဆောင်ရွက်မှုဖြင့် သီးနှံများ အရည်အသွေးမြင့်မားရေး မြှင့်တင်ကြိုးပမ်းသွားကြရန် တိုက်တွန်းပါသည်။ ။

# လူမှုဖူလုံရေးဥပဒေသစ်(မူကြမ်း) အပြီးသတ်ရေးဆွဲလျက်ရှိ
# ယင်းဥပဒေသစ်အတည်ပြုပြီးပါက အကျိုးခံစားခွင့်များ ပိုမိုတိုးမြှင့်ခံစားကြရမည်

**နေပြည်တော် ဒီဇင်ဘာ ၂၃**

အလုပ်သမားဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့သည် အာမခံအလုပ်သမားပေါင်း ငါးသိန်းကျော်၏ မမာမကျန်းမှု၊ မီးဖွားမှု၊ သေဆုံးမှု၊ လုပ်ငန်းခွင် မတော်တဆဖြစ်ပွားမှုနှင့် အလုပ်နှင့်ဆိုင်သည့် ရောဂါများ ဖြစ်ပွားသည့်အခါ အခမဲ့ ဆေးကုသပေးသည့်အပြင် အလုပ်ပျက်ကွက်ခဲ့သော ရက်များအတွက် စည်းမျဉ်းဥပဒေများနှင့်အညီ ငွေကြေးအကျိုးခံစားခွင့်များ ပြန်လည်ထုတ်ပေးနေသည့် လူမှုရေးဝန်ဆောင်မှုဌာနကြီးဖြစ်ကြောင်း၊ ယခုအခါ လူမှုဖူလုံရေး ဥပဒေသစ်(မူကြမ်း)ကို အပြီးသတ်ရေးဆွဲလျက်ရှိပြီး နိုင်ငံတကာ "စံ"များနှင့် အညီဖြစ်စေရန် ပထမအကြိမ် ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေးများသို့ တင်သွင်းရန် စီစဉ်လျက်ရှိကြောင်း၊ အဆိုပါ ဥပဒေသစ် အတည်ပြုပြီးပါက လက်ရှိခံစားခွင့်ရနေသည့် အကျိုးခံစားခွင့်များအပြင် သက်ပြည့်အငြိမ်းစားခံစားခွင့်၊ ဝင်ငွေနည်းသည့် အာမခံအလုပ်သမား၏ သားသမီးများအတွက် ပညာသင်စရိတ်ခံစားခွင့်၊ သဘာဝဘေးအန္တရာယ် ကြုံတွေ့ရသည့်အခါ ကျန်းမာရေးနှင့် ထောက်ပံ့ကူညီမှုများ ခံစားခွင့်၊ နာမကျန်းခြင်းကြောင့် လုံးဝအလုပ်လုပ်ကိုင်နိုင်စွမ်းမရှိမှု အကျိုးခံစားခွင့်၊ အလုပ်လက်မဲ့အကျိုးခံစားခွင့်များအပြင် လူမှုဖူလုံရေးအိမ်ရာစီမံကိန်းများတွင် သတ်မှတ်ချက်များနှင့်အညီ နေထိုင်ခွင့်စသည့် လူမှုဖူလုံရေး အာမခံစနစ်များနှင့် အကျိုးခံစားခွင့်များကို ပိုမိုတိုးမြှင့်ခံစားခွင့်ပေးနိုင်ရန် စီစဉ်ဆောင်ရွက်သွားနိုင်မည် ဖြစ်ကြောင်း၊ ထိုသို့ တိုးတက်များပြားလာမည့် လုပ်ငန်းများအား နိုင်နင်းစွာ ဆောင်ရွက်နိုင်စေရန် လူမှုဖူလုံရေးအဖွဲ့တွင် Information and Technology Section (IT Section) ဌာနတစ်ခု ဖွဲ့စည်းနိုင်ရေးအတွက် ယခုကဲ့သို့ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပခြင်းဖြစ်ကြောင်းဖြင့် အလုပ်သမားဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်က ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အလုပ်သမားဝန်ကြီးဌာန စုဝေးခန်းမ၌ ကျင်းပသော Human Resource Development in ICT for Social Security Scheme အလုပ်ရုံဆွေးနွေးပွဲ၌ အဖွင့်အမှာစကားပြောကြားသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန e-Government ဌာန၊ မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်၊ မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း၊ မြန်မာနိုင်ငံ ကွန်ပျူတာလုပ်ငန်းရှင်အသင်းနှင့် Assembler Computer Centre တို့မှ ကျွမ်းကျင်သူ ပညာရှင်များ၊ အလုပ်သမားဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဝန်ထမ်းများ တက်ရောက်ခဲ့ကြပြီး လိုအပ်သော အကြံဉာဏ်များကို ရှုထောင့်စုံမှ ဆွေးနွေးအကြံပြုပေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



**အလုပ်သမားဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည် Human Resource Development in ICT for Social Security Scheme အလုပ်ရုံဆွေးနွေးပွဲတွင် အမှာစကားပြောကြားစဉ်။**

(သတင်းစဉ်)

## ရေကြောင်းသတိပေးချက် ထုတ်ပြန်ကြေညာ

**နေပြည်တော် ဒီဇင်ဘာ ၂၃**

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေး လုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော Daewoo International Corporation (Myanmar E&P)သည် ရွှေသဘာဝဓာတ်ငွေ့ စီမံကိန်းမှ ထွက်ရှိသော သဘာဝဓာတ်ငွေ့များကို ပိုက်လိုင်းဖြင့် ကုန်းတွင်းသို့ သွယ်တန်းမည်ဖြစ်ရာ ကမ်းခြေအနီးတစ်ဝိုက်(Near Shore Landfall Area)၌ ပိုက်ခင်းခြင်း လုပ်ငန်းများကို Pipe Lay Barge "HD 2500" ဖြင့် ဒီဇင်ဘာ ၂၉ ရက်မှ ၂၀၁၂ခုနှစ် ဇန်နဝါရီ ၂၉ ရက်အထိ ဆောင်ရွက်သွားမည်ဖြစ်သည်။

Pipe Lay Barge "HD 2500" ဖြင့် ပိုက်ခင်းခြင်းလုပ်ငန်းဆောင်ရွက်မည့် လုပ်ငန်းခွင်လမ်းကြောင်းတစ်လျှောက် တည်နေရာများမှာ Pipe Lay down point မြောက်လတ္တီတွဒ် ၁၉ဒီဂရီ ၃၁မိနစ် ၁၀စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ဒီဂရီ ၀၄မိနစ် ၅၀ စက္ကန့်မှ Shore pull point မြောက်လတ္တီတွဒ် ၁၉ဒီဂရီ ၂၅မိနစ် ၄၀စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ဒီဂရီ ၂၈မိနစ် ၁၀စက္ကန့် အထိဖြစ်သည်။

သို့ဖြစ်ပါ၍ ကမ်းခြေအနီးတစ်ဝိုက် (Near Shore Landfall Area ) ရှိ အထက်ဖော်ပြပါ အမှတ် နှစ်ခုကြား လမ်းကြောင်းတစ်လျှောက်တွင် ပိုက်ခင်းခြင်း လုပ်ငန်းများကို Pipe Lay Barge "HD 2500" ဖြင့် ဆောင်ရွက်နေစဉ် ကာလအတွင်း လုပ်ငန်းများနှောင့်နှေးကြန့်ကြာမှုမဖြစ်ပေါ်စေရေးအတွက် ဖော်ပြပါ လမ်းကြောင်းတစ်လျှောက် ဧရိယာမှ လေးကီလိုမီတာ ပတ်လည်အတွင်းအား ရေကြောင်းသတိပေးချက်(Notice to Mariner's ) ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီး/ငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်းနှင့် ငါးဖမ်းကိရိယာများ ချထားခြင်းများ မပြုလုပ်ကြရန် ငါးလုပ်ငန်းဦးစီးဌာနက အသိပေးကြေညာထားသည်။ (သတင်းစဉ်)

## အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၂၃ - ၁၂ -၂၀၁၁

| ငွေကြေးစနစ် | တစ်ဒေါ်လာလျှင်ယူနစ် | တစ်ယူနစ်လျှင်ဒေါ်လာ |
|---|---|---|
| ထိုင်း (ဘတ်) | ၃၁. ၂၁၀၀ | ၀. ၀၃၂၀၄ |
| တရုတ် (ယွမ်) | ၆. ၃၃၆၅၀ | ၀. ၁၅၇၈၂ |
| အိန္ဒိယ (ရူပီး) | ၅၂. ၉၅၅၀ | ၀. ၀၁၈၈၈ |
| မလေးရှား (ရင်းဂစ်) | ၃. ၁၅၅၀၀ | ၀. ၃၁၆၉၆ |
| စင်ကာပူ (ဒေါ်လာ) | ၁. ၂၉၃၂၆ | ၀. ၇၇၃၂၄ |
| ဂျပန် (ယန်း) | ၇၈. ၀၈၇၃ | ၀. ၀၁၂၈၇ |
| တောင်ကိုရီးယား(ဝမ်) | ၁၁၅၀. ၁၉ | ၀. ၀၀၀၈၇ |
| ယူရို | ၀. ၇၆၆၆၄ | ၁. ၃၀၄၄၄ |
| ဗြိတိသျှ (ပေါင်) | ၀. ၆၃၈၂၀ | ၁. ၅၆၆၉၁ |

**အင်တာနက်။**





**ရန်ကုန်မြို့ ဒဂုံမြို့နယ်နေ ဦးမြင့်သိန်း-ဒေါ်ခင်မေညွန့်၊ မြေး-မယွန်းစုမြတ်တို့၏ မွေးနေ့အလှူအဖြစ် ဘိုးဘွားများအား တစ်နေ့လုံးစာနှင့် ထာဝရဆေးပဒေသာပင်အတွက် အလှူငွေကျပ်နှစ်သိန်းသုံးသောင်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ စောင့်ရှောက်ရေးအဖွဲ့ဒုတိယဥက္ကဋ္ဌ ဦးအောင်သန်းထံ ပေးအပ်လှူဒါန်းစဉ်။** (သတင်းစဉ်)

**ဆရာတော်အရှင်ဆန္ဒာဓိက (ရွှေပါရမီတောရ)ဦးစီးဦးဆောင်ဖွင့်လှစ်ထားသော ရွှေပါရမီကျန်းမာရေး ဖောင်ဒေးရှင်းသို့ ရန်ကုန်မြို့ ဓမ္မစေတီလမ်းနေ ဦးသက်လွင်-ဒေါ်ကြည်ကြည်ဝင်း(မြသီရိမိသားစု) က အလှူငွေကျပ် ငါးသိန်းအား အသင်းဘဏ္ဍာရေးမှူး Capt ဦးဌေးမြင့်ထံလှူဒါန်းစဉ်။** (ကြေးမုံ)

## မြဝတီရုပ်မြင်သံကြား အစီအစဉ်

၂၄-၁၂-၂၀၁၁ (စနေနေ့)

**နံနက်ပိုင်း**

၇း၀၄ ၁။ နိုင်ငံတော်သီချင်း
၇း၀၅ ၂။ တရားတော်
၇း၂၀ ၃။ ဓမ္မပူဇာတေး
၇း၂၅ ၄။ မျိုးချစ်တပ်မတော်
၇း၃၀ ၅။ မြန်မာ့ရှုခင်း
၇း၄၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
၇း၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
၈း၁၅ ၁၁။ ဇာတ်လမ်းတို

**နေ့လယ်ပိုင်း**

၁၁း၁၀ ၁။ နိုင်ငံတော်သီချင်း
၁၁း၁၅ ၂။ အဖွင့်သီချင်း
၁၁း၂၀ ၃။ မျိုးချစ်တပ်မတော်
၁၁း၂၅ ၄။ ကာတွန်းအစီအစဉ် -ကြောင်ကလေးအော်ဂီနှင့် ပိုးဟပ်ရုပ်ကလေးများ (အပိုင်း-၁၅)
၁၂း၀၀ ၅။ **မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် -ကောင်းကင်နှင့်ကြယ် (မြင့်မြတ်၊ နဝရတ် နှင့်သရုပ်ဆောင်များ) [ဒါရိုက်တာ-နေပိုင်]**
၂း၀၀ ၆။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ဖြူစင်သောနှလုံးသား (အပိုင်း-၄၄)**

**ညပိုင်း**

၄း၀၃ ၁။ နိုင်ငံတော်သီချင်း
၄း၀၆ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ မျိုးချစ်တပ်မတော်
၄း၁၅ ၄။ ကျန်းမာကြံ့ခိုင်တို့နိုင်ငံ
၄း၂၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၄း၂၅ ၆။ သန့်စွာကိုင်လေစက္ကူငွေ
၄း၄၀ ၇။ ချစ်သူစုံတွဲတူယှဉ်နွဲ
၄း၅၀ ၈။ ဇာတ်လမ်းတို
၅း၀၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
၅း၃၀ ၁၀။ ပျော်ရွှင်စရာ သရုပ်ဆောင်ကမ္ဘာ
၆း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၂။ အမျိုးသားရေးတေးကဗျာ
၆း၂၀ ၁၃။ စားဖိုဆောင်ချစ်သူ
၆း၄၀ ၁၄။ ထူးခြားဆန်းပြားကမ္ဘာတစ်လွှား
၇း၀၀ ၁၅။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -ဌက်ကလေးရဲ့ကောင်းကင် (အပိုင်း-၃၉)**
၈း၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
၁၇။ အမျိုးသားရေးတေးကဗျာ
၁၈။ နိုင်ငံတကာသတင်း
၁၉။ မိုးလေဝသသတင်း
၂၀။ လူ့ရွှင်တော်စတား
၂၁။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၂၂။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -လေဆန်ကိုနှင်၍ (အပိုင်း-၂၃)**
၂၃။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -အိမ်အပြန်လမ်း (အပိုင်း-၁၀၆)**

## ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေလေ့လာစို့

☆ **ရှေ့ဖုံးမှ**

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး၊ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးရဲမြင့်၊ မန္တလေးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမောင်၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ၊ ဘင်ခရာနှင့် ပန်းဖွားအဖွဲ့၊ စစ်ကိုင်းမိုးဇာပြောနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်က စကားအင်း-တံတားဦး-တံခွန်တိုင်လမ်းပိုင်းနှင့် ပတ်သက်၍ အမှာစကားပြောကြားရာတွင် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးကို ထောက်ကြန့် အမှတ်(၃) လမ်းဆုံမှစတင်ပြီး မိုင်တိုင် (၀/၀) အဖြစ် သတ်မှတ်ကာ အမှတ်(၃) လမ်းဆုံမှ နေပြည်တော်လမ်းဆုံအထိ ၂၀၂ မိုင် ၁ ဖာလုံ၊ နေပြည်တော်လမ်းဆုံမှ စကားအင်းအဝိုင်းအထိ ၁၅၀ မိုင် ၅ ဖာလုံ ဖောက်လုပ်ခဲ့ပြီး မန္တလေးအဝင်အထွက် စကားအင်းအဝိုင်းမှ တံတားဦး-တံခွန်တိုင် (မန္တလေး) ၁၃ မိုင် ၅ ဖာလုံကို ဆက်စပ်ဖောက်လုပ်ခဲ့ပါကြောင်း။

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး၏ ရန်ကုန် အမှတ်(၃) လမ်းဆုံမှ နေပြည်တော်လမ်းပိုင်းအထိ ၂၀၂ မိုင် ၁ ဖာလုံကို ၂၅-၃-၂၀၀၉ ရက်တွင် လည်းကောင်း၊ နေပြည်တော်မှ မန္တလေးလမ်း စကားအင်းအဝိုင်းအထိ ၁၅၀ မိုင် ၅ ဖာလုံကို ၂၉-၁၂-၂၀၁၀ ရက်တွင် လည်းကောင်း အသီးသီးဖွင့်လှစ်ပေးခဲ့ပြီး ယနေ့တွင် အမြန်လမ်းမကြီးနှင့် ဆက်စပ်လမ်းပိုင်းဖြစ်သည့် စကားအင်း-တံတားဦး-တံခွန်တိုင်(မန္တလေး) အပိုင်း ၁၃ မိုင် ၅ ဖာလုံကို ထပ်မံဖွင့်လှစ်ပေးနိုင်ခဲ့သည့်အတွက် ရန်ကုန် အမှတ်(၃) လမ်းဆုံမှ မန္တလေးအထိ ၃၆၆ မိုင် ၃ ဖာလုံကို Two Way, Two Lane နှစ်လမ်းသွားနှစ်ဖက်ဖြင့် သွားလာနိုင်တော့မည်ဖြစ်ပါကြောင်း၊ ဤလမ်းကြီးသည် ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့ကို ဖြတ်ကျော်ဖောက်လုပ်ထားသောလမ်း ဖြစ်ပါကြောင်း။

ယခုဖွင့်လှစ်သော လမ်းအပိုင်းတွင် ပေ ၁၈၀ နှင့်အထက် တံတား အသွား/အပြန် နှစ်စင်း၊ ပေ ၅၀ နှင့် ပေ ၁၈၀ အကြား တံတား အသွား/အပြန် ၁၂ စင်း၊ ပေ ၅၀ အောက် တံတား အသွား/အပြန် ၃၄ စင်း၊ ရေပြွန်တံတား (Box Culvert) ၄၉ စင်း တို့ကို ထည့်သွင်းတည်ဆောက်ထားပါကြောင်း၊ ဤလမ်းကြီးကို ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ဝန်ထမ်းများက အပိုင်းလိုက် တာဝန်ယူပြီး ရွှံ့ညွန်တောများ၊ ချောင်းမြောင်း အင်းအိုင်များ စသည့် အခက်အခဲ အတားအဆီးများကို ဖြတ်ကျော်ဖောက်လုပ်ခဲ့ကြရပါကြောင်း၊ လမ်းမကြီးတစ်လျှောက် ယာဉ်များ အသွား/အပြန် သီးခြားစီရှိစေရေး၊ အမြန်နှုန်း တစ်နာရီ မိုင် ၆၀ နှုန်း မောင်းနှင်ရသော လမ်းအမျိုးအစားဖြစ်သည့်အတွက် ယာဉ်အန္တရာယ်ကာကွယ်ရေးတို့အတွက်လည်း လမ်းလယ်ကျွန်းထားရှိပြီး ဖောက်လုပ်ထားပါကြောင်း၊ လမ်းကြီးဖောက်လုပ်ရာတွင် ဝမ်းဘဲအင်း၊ မြစ်ဆွပ်အင်းနှင့် တောင်သမန်အင်းတို့ကို ဖြတ်သန်းဖောက်လုပ်ခဲ့ပါကြောင်း၊ အဆိုပါ အင်းသုံးအင်း အရှည် ၈ မိုင် ၂ ဖာလုံကို တာရိုးအမြင့် ၁၈ ပေမှ ၃၅ ပေအကြား အမြင့်ရှိအောင် မြေဖို့တည်ဆောက်ခဲ့ရပြီး မြေတာပေါင်ပြိုကျမှုမရှိစေရန် လှေကားထစ်တာပေါင် တည်ဆောက်ပေးခြင်း၊ တာပေါင်အောက်ခြေတွင် ပေ ၂၀၀၊ ပေ ၃၀၀ ရှိသည့်အပြင် ကျောက်စီမြေထိန်းနံရံ တည်ဆောက်ခြင်း၊ ရေထွက်ပေါက် လုံလုံလောက်လောက် ဖြစ်အောင် တံတားနှင့် ရေထုတ်ပြွန် ၇၃ စင်း တည်ဆောက်ပေးခြင်း၊ တံတားများကိုလည်း သံကူကွန်ကရစ် မြေထိန်းနံရံများနှင့် ပေ ၉၀ ရှိ ရတနာပုံတက္ကသိုလ်အဝင်လမ်း ခုံးကျော်တံတား၊ ပေ ၁၂၀ ရှိ မြစ်ငယ်-စစ်ကိုင်းဖြတ်လမ်း ခုံးကျော်တံတားနှင့် ပေ ၉၀ ရှိ ရန်ကုန်-မန္တလေးမီးရထားလမ်း ခုံးကျော်တံတားတို့ကိုလည်း ထည့်သွင်းတည်ဆောက်ထားပါကြောင်း။

ထို့ပြင် Toll Gate တစ်ခုနှင့် ယဉ်ကျေးမှုမြို့တော် မန္တလေး၏ အထိမ်းအမှတ်အဖြစ် တံခွန်တိုင်အဝိုင်းကို သေသပ်လှပစွာ တည်ဆောက်ပေးခဲ့ပါကြောင်း။

နိုင်ငံတော်သမ္မတကြီးက ၂၀၁၁ ခုနှစ် မတ် ၃၀ ရက်တွင် ပြည်ထောင်စုလွှတ်တော်၌ လမ်းညွှန်မှာကြားရာ၌ "တိုင်းရင်းသားစည်းလုံးညီညွတ်ရေးဆိုတာ ယခင်က အတွေ့အကြုံများအရ ပါးစပ်က ပြောနေရုံနဲ့ မရပါဘူး။ စားပွဲမှာထိုင်ပြီး ဆွေးနွေးနေရုံနဲ့လည်း ဖြစ်မလာနိုင်ပါဘူး။ ပထဝီအနေအထားအရ ရေခြားမြေခြားဖြစ်နေတဲ့ ကျွန်တော်တို့တိုင်းရင်းသားတွေနေထိုင်တဲ့ ဒေသတွေကို တစ်ဆက်တစ်စပ်တည်းဖြစ်သွားအောင် ကားလမ်းတွေ၊ မီးရထားလမ်းတွေ ဖောက်ပေးရပါမယ်။ တံတားတွေ ဆောက်ပေးရပါမယ်။ ပညာရေး၊ကျန်းမာရေးအဆင့်အတန်းတွေ မြှင့်တင်ပေးရပါမယ်။ တိုင်းရင်းသားတွေရဲ့ လူမှုစီးပွားဘဝ တိုးတက်မြင့်မားလာအောင် စီးပွားရေးအခြေခံကောင်းတွေ ပြုလုပ်ပေးရပါမယ်။ ဒီလမ်းတွေ၊ တံတားတွေ၊ စာသင်ကျောင်းတွေ၊ ဆေးရုံ၊ ဆေးခန်းတွေအသုံးချပြီး တိုင်းရင်းသားတွေရဲ့ လူမှုဘဝမြင့်မားလာအောင် မြှင့်တင်ပေးရမှာ ဖြစ်ပါတယ်"လို့ လမ်းညွှန်မိန့်ကြားခဲ့ပါကြောင်း။

ယနေ့ဖွင့်လှစ်သည့် လမ်းကြီးကို လက်ရှိအဆင့်အတန်းထက် နိမ့်ကျမသွားအောင်၊ ရေရှည်အသုံးပြုသွားနိုင်အောင် ထိန်းသိမ်းကြရန် အရေးကြီးပါကြောင်း။ လမ်းဆိုလျှင်လည်း လမ်းအလိုက်၊ တံတားဆိုလျှင်လည်း တံတားအလိုက် သတ်မှတ်ထားသော စည်းကမ်းများနှင့်အညီ စနစ်တကျအသုံးပြုရန် လိုအပ်ပါကြောင်း။

ယခုဖွင့်လှစ်သော စကားအင်း-တံတားဦး-တံခွန်တိုင်-မန္တလေးလမ်းအပိုင်း ၁၃ မိုင် ၅ ဖာလုံ အပိုင်းတွင် အမြန်လမ်းမကြီးပေါ်၌ ဆက်စပ်ဖောက်ထားသောလမ်းဖြစ်၍ ကန့်သတ်ထားသော ဒေသတွင်းသွားလာနိုင်သည့် ယာဉ်များကို သွားလာခွင့်ပြုမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ဤအပိုင်းတွင် သွားလာသောယာဉ်များ များပြားမည်ဖြစ်သည့်အတွက် ယာဉ်မောင်းသူများအနေဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို အထူးဂရုပြုလိုက်နာပြီး မောင်းနှင်ကြရန် ပြောကြားလိုပါကြောင်း။

နိုင်ငံတော်က လူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးကို အကျိုးပြုမည့် လမ်း၊ တံတားများကို အရှိန်အဟုန်ဖြင့် တိုးမြှင့်တည်ဆောက်ပေးခဲ့သကဲ့သို့ ဒေသခံပြည်သူများကလည်း ဤလမ်း၊ တံတားများကို ရေရှည်အသုံးပြုသွားနိုင်အောင် ဝိုင်းဝန်းထိန်းသိမ်းပေးကြပါဟု တိုက်တွန်းအပ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးရဲမြင့်က အမှာစကားပြောကြားရာတွင် မူလ ရန်ကုန်-မန္တလေးလမ်းမကြီးကို ၂၀၀၂ ခုနှစ်မှစတင်ပြီး တိုးချဲ့ဖောက်လုပ်ခဲ့ရာ လမ်းပန်းဆက်သွယ်ရေးကဏ္ဍတွင် လျင်မြန်မှု၊ ကောင်းမွန်မှုများ ရှိခဲ့ပါကြောင်း၊ ထိုလမ်းမကြီးသည် မြို့များကို ဆက်သွယ်ဖောက်လုပ်ထားခြင်းဖြစ်သည့်အတွက် မြို့ချင်းဆက်သွားလာမှုများအတွက် အထူးကောင်းမွန်ခဲ့သော်လည်း ယခု အသစ်ဖွင့်လှစ်သော လမ်းမကြီးမှာ ရန်ကုန်-မန္တလေး တိုက်ရိုက်ဖြစ်သည့်အတွက် ယာဉ်သွားလာမှုများ ပိုမိုလျင်မြန်စွာ သွားလာနိုင်ပြီဖြစ်ပါကြောင်း၊ သွားလာမှု ပိုမိုလျင်မြန်လာသည်နှင့်အမျှ အချိန်ကုန်သက်သာခြင်း၊ ကုန်ကျစရိတ်များ လျော့ပါးလာခြင်း၊ ကုန်စည်စီးဆင်းမှု လျင်မြန်လာခြင်း စသော အကျိုးများ ရရှိပါကြောင်း။

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးသည် မန္တလေးတိုင်းဒေသကြီး၏ အလယ်ပိုင်း တောင်/မြောက် ဖောက်လုပ်ထားခြင်းဖြစ်ပါကြောင်း၊ ထို့ကြောင့် ဤလမ်းမကြီးကို မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များအားလုံးကလည်း လမ်းမကြီးကို လာရောက်ပေါင်းဆုံထားသည့်အတွက် တိုင်းဒေသကြီး၏ လမ်းပန်းဆက်သွယ်မှု ပိုမိုချောမွေ့ကောင်းမွန်လာသကဲ့သို့ သက်ဆိုင်ရာမြို့နယ်များကလည်း မိမိတို့ သွားရောက်လိုသော မြို့များနှင့် ရန်ကုန်မြို့သို့ ယခင်ကထက် အလွယ်တကူ လျင်မြန်စွာ သွားရောက်နိုင်ကြပြီဖြစ်ပါကြောင်း။

ထို့ပြင် အစအဆုံး ဖောက်လုပ်ပြီးခဲ့သည့် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးသည် ရန်ကုန်-မန္တလေး ဆိုသော်လည်း မန္တလေးမြို့အနေဖြင့် ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်မြောက်ပိုင်းတို့နှင့် ဆက်သွယ်မှုများရှိနေသည့်အတွက် တစ်နည်းအားဖြင့် ပြောရလျှင် နိုင်ငံတော်တစ်ဝန်းလုံးနှင့် ဆက်စပ်ဆက်သွယ်သော လမ်းမကြီးလည်းဖြစ်ပါကြောင်း၊ ထို့ကြောင့် ယနေ့ဖွင့်လှစ်သော လမ်းပိုင်းပြီးစီးသွားမှုသည် တစ်နိုင်ငံလုံးနှင့် ကောင်းမွန်စွာသွားလာဆက်သွယ်နိုင်သည့် အကျိုးလည်း ရရှိလာမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ဒေသခံပြည်သူ အမရပူရမြို့နယ် ငယ်တိုးကျေးရွာမှ ဦးအောင်ခိုင်စိုးက ဒေသခံပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးအဆင့်မြှင့်တင်ရေးနှင့် ဒေသဖွံ့ဖြိုးရေးတို့အတွက် အထောက်အကူရစေမည့် ဤလမ်းပိုင်းအပါအဝင် အခြားသောတည်ဆောက်ပေးမှုများအတွက် နိုင်ငံတော်အစိုးရအား ကျေးဇူးတင်ရှိပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးသည် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသော ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးရဲမြင့်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမောင်နှင့် တောင်သာမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သောင်းတို့က စကားအင်း-တံတားဦး-တံခွန်တိုင်လမ်းပိုင်းကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးက လမ်းပိုင်းကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်နှင့် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးရဲမြင့်တို့က လမ်းပိုင်းကမ္ပည်းမော်ကွန်းကို အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးကြသည်။

ထို့နောက် ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များသည် တာဝန်ရှိသူများနှင့်အတူ စုပေါင်း၍ တံခွန်တိုင်အဝိုင်းရှေ့၌ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ဖွင့်ပွဲအပြီးတွင် ဒုတိယသမ္မတသည် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများအား ထပ်မံ၍ ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ယင်းနောက် ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များသည် စကားအင်း-တံတားဦး-တံခွန်တိုင်လမ်းပိုင်းကို မော်တော်ယာဉ်များဖြင့် ဖြတ်သန်းကြည့်ရှုကြသည်။

ယခုဖွင့်လှစ်လိုက်သည့် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး၏ ဆက်စပ်လမ်းပိုင်းဖြစ်သော စကားအင်း-တံတားဦး-တံခွန်တိုင်လမ်းပိုင်းသည် အရှည် ၁၃ မိုင် ၅ ဖာလုံဖြစ်ပြီး လမ်းနယ်အကျယ် ပေ ၄၀၀၊ လမ်းတာပေါင်ထိပ်ဝအကျယ် ပေ ၂၀၀၊ လမ်းလယ်ကျွန်းအကျယ် ပေ ၃၀၊ လမ်းပခုံး (တစ်ဖက်လျှင်) ၃၅ ပေ၊ ကွန်ကရစ်အောက်လွှာ ထုခြောက်လက်မ၊ ကွန်ကရစ်မျက်နှာပြင်လွှာ ၁၂ လက်မ၊ လမ်းခံနိုင်ဝန် တန် ၈၀၊ တံတားခံနိုင်ဝန် တန် ၈၀၊ နေ့စဉ်ဖြတ်သန်းသွားနိုင်သည့်ယာဉ်စီးရေ ၅၀၀၀ ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)



**ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးရဲမြင့်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမောင်နှင့် တောင်သာမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သောင်းတို့ စကားအင်း-တံတားဦး-တံခွန်တိုင်လမ်းပိုင်းကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။** (သတင်းစဉ်)

**စကားအင်း-တံတားဦး-တံခွန်တိုင်လမ်းပိုင်းရှိ တံခွန်တိုင်အဝိုင်းကို တွေ့ရစဉ်။** (သတင်းစဉ်)



**ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး၏ စကားအင်း-တံတားဦး-တံခွန်တိုင်လမ်းပိုင်းကို တွေ့ရစဉ်။** (သတင်းစဉ်)



# အမေရိကန်တပ်ဖွဲ့ဝင် ၁၀၀၀၀ ခန့် အာဖဂန်နစ္စတန်စစ်မြေပြင်မှ ပြန်လည်ထွက်ခွာ

ကဘူး ဒီဇင်ဘာ ၂၃

**အမေရိကန်တပ်ဖွဲ့ဝင် ၁၀၀၀၀ ခန့်သည် အာဖဂန်နစ္စတန်နိုင်ငံမှ ရုပ်သိမ်းထွက်ခွာသွားပြီဖြစ်ကြောင်း အမေရိကန် စစ်ဘက်တာဝန်ရှိသူများက ဒီဇင်ဘာ ၂၃ ရက်တွင် ပြောကြားသည်။**



**အာဖဂန်နစ္စတန်နိုင်ငံမှ ပြန်လည်ထွက်ခွာသွားသော အမေရိကန်တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။**

အာဖဂန်နစ္စတန်စစ်မြေပြင်မှ တပ်ဖွဲ့ဝင်များ အပြည့်အဝ ရုပ်သိမ်းရေးအစီအစဉ်အရ အမေရိကန်တပ်ဖွဲ့ဝင်များကို ပြန်လည်ရုပ်သိမ်းလျက်ရှိသည်။

၂၀၁၁ ခုနှစ်ကုန်ဆုံးရန် ရက်သတ္တတစ်ပတ်သာလိုတော့ချိန်တွင် အမေရိကန်တပ်ဖွဲ့များကို ပြန်လည်ရုပ်သိမ်းခြင်းဖြစ်သည်။

အမေရိကန်တိုက်ခိုက်ရေးတပ်ဖွဲ့များအားလုံးကို ၂၀၁၄ ခုနှစ်ထက်နောက်မကျဘဲ အပြီးတိုင်ရုပ်သိမ်းပေးမည်ဟု သမ္မတဘာရတ်အိုဘားမားက ၂၀၀၉ ခုနှစ် ဒီဇင်ဘာလတွင် ထုတ်ပြန်ကြေညာခဲ့သည်။ ယင်းသို့ကြေညာခဲ့ပြီးနောက် မကြာမတင်တွင် တာလီဘန်စစ်သွေးကြွများကို ဖိဖိစီးစီးချေမှုန်းနိုင်ရန် တပ်ဖွဲ့ဝင် ၃၃၀၀၀ ကို ထပ်မံစေလွှတ်ခဲ့သည်။

### တပ်ဖွဲ့ဝင် ၁၀၀၀၀ ရုပ်သိမ်းမည်

အာဖဂန်နစ္စတန်စစ်ပွဲ၏ အရှိန်အဟုန်မှာ အားနည်းသွားပြီဖြစ်ရာ မိမိတို့၏တပ်ဖွဲ့ဝင် ၁၀၀၀၀ ကို ယခုနှစ်ကုန်ထက်နောက်မကျဘဲတပ်ရုပ်သိမ်းမည်ဟုအမေရိကန်အစိုးရကထုတ်ပြန်ကြေညာခဲ့သည်။

အမေရိကန်တပ်ဖွဲ့ဝင် နောက်ထပ် ၂၃၀၀၀သည် လာမည့်နွေရာသီကုန်ဆုံးချိန်နောက်ဆုံးထား၍ အာဖဂန်နစ္စတန်နိုင်ငံမှ ရုပ်သိမ်းမည်ဖြစ်ကြောင်း အိုဘားမားက ထုတ်ပြန်ကြေညာသည်။

**အင်တာနက်။**



# အမေရိကန်နှင့်နေတိုးတို့၏ စုံစမ်းစစ်ဆေးမှု ပါကစ္စတန်စစ်ဘက်က လက်မခံပယ်ချ

**အစ္စလာမ္မာဘတ် ဒီဇင်ဘာ ၂၃**

ပါကစ္စတန်တပ်ဖွဲ့ဝင် ၂၄ ဦးအထိ သေဆုံးခဲ့ရသော အမေရိကန်၏ လေကြောင်းတိုက်ခိုက်မှုဖြစ်ရပ်နှင့်ပတ်သက်၍ အမေရိကန်နိုင်ငံနှင့် မြောက်အတ္တလန္တိတ်စာချုပ်အဖွဲ့(နေတိုး)တို့၏ စုံစမ်းစစ်ဆေးမှုရလဒ်များကို ပါကစ္စတန်စစ်ဘက်က ဒီဇင်ဘာ ၂၃ ရက်တွင် လက်မခံပယ်ချလိုက်သည်။

မီဒီယာများ၌ ဖော်ပြထားသည့်အတိုင်း စုံစမ်းစစ်ဆေးရေးအဖွဲ့၏ လေ့လာတွေ့ရှိချက်များကို မိမိတို့လက်ခံနိုင်ခြင်းမရှိကြောင်း၊ စုံစမ်းစစ်ဆေးရေးအဖွဲ့၏ အစီရင်ခံစာသည် ဖြစ်ရပ်မှန်အချက်အလက်များအပေါ် အခြေခံခြင်းမရှိကြောင်း ပါကစ္စတန်စစ်ဘက်က ထုတ်ပြန်သော ကြေညာချက်တစ်ရပ်တွင် ဖော်ပြသည်။

တရားဝင်ထုတ်ပြန်သော စုံစမ်းစစ်ဆေးရေးအစီရင်ခံစာကို မိမိတို့ရရှိသည့်အခါ အသေးစိတ် တုံ့ပြန်ပြောဆိုနိုင်မည်ဖြစ်ကြောင်း ကြေညာချက်တွင် ပါရှိသည်။

အမေရိကန်လေတပ် ဗိုလ်ချုပ်ကြီးတစ်ဦးကဦးဆောင်သော စုံစမ်းစစ်ဆေးရေးအဖွဲ့သည် အမေရိကန်နှင့်ပါကစ္စတန် တပ်ဖွဲ့များအနေဖြင့် အမှားများစွာကျူးလွန်ခဲ့သည်ဟု အပြစ်တင်ဖော်ပြခဲ့သည်။

နိုဝင်ဘာ ၂၆ ရက်က အမေရိကန်၏ လေကြောင်းမှ တိုက်ခိုက်မှုကြောင့် ပါကစ္စတန်နယ်စပ်ကင်းစခန်းရှိ တပ်ဖွဲ့ဝင် ၂၄ဦး သေဆုံးခဲ့ရသောဖြစ်ရပ်ကြောင့် အမေရိကန်နှင့် ပါကစ္စတန်တို့အကြား ဆက်ဆံရေးတင်းမာမှုအမြင့်ဆုံးအဆင့်သို့ ရောက်ခဲ့သည်။ **အင်တာနက်။**

# လွတ်မြောက်ရေးရေယာဉ်ငယ်များ လှုပ်ရှားမှု၌ ပါဝင်ခဲ့သော အစ္စရေးနိုင်ငံသားများကို တရားမစွဲတော့ဟု ဆုံးဖြတ်

ဂျေရုဆလင် ဒီဇင်ဘာ ၂၃

**၂၀၁၀ ပြည့်နှစ်က ဂါဇာကမ်းမြောင်ဒေသသို့ လူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေးဆိုင်ရာ ပစ္စည်းများအား ပေးပို့သည့် ရေယာဉ်ငယ်များနှင့် လိုက်ပါခဲ့ကြသော အစ္စရေးနိုင်ငံသားများကို တရားစွဲဆိုခြင်းမပြုတော့ရန် ရှေ့နေချုပ်က ဒီဇင်ဘာ ၂၃ ရက်တွင် ဆုံးဖြတ်လိုက်ကြောင်း သတင်းဌာနများက သတင်းထုတ်ပြန်သည်။**



လွန်ခဲ့သည့်နှစ်က "လွတ်မြောက်ရေးရေယာဉ်ငယ်များ"ဟု အမည်ပေးထားသော ရေယာဉ်အုပ်စုနှင့်အတူ ပူးပေါင်းဆောင်ရွက်ခဲ့ကြသော အစ္စရေးနိုင်ငံသားများနှင့် သက်ဆိုင်နေသည့် အမှုများကို ပိတ်လိုက်ပြီဖြစ်ကြောင်း၊ ပြည်ပ၌ကျူးလွန်သော ရာဇဝတ်မှုခင်းများနှင့် ပတ်သက်၍ အစ္စရေးနိုင်ငံ၏ တရားဥပဒေနှင့်အညီ စီရင်စစ်ဆေးနိုင်ရန် အခက်အခဲများရှိကြောင်း၊ အထောက်အထားအရရော၊ တရားဥပဒေဆိုင်ရာ စီရင်ထုံးများ အရပါ ယင်းအမှုများကိုစစ်ဆေးရန် အရှုပ်အထွေးများရှိနေကြောင်း အစ္စရေး ရှေ့နေချုပ် ယီဟူဒါဝိန်းစတိန်းက ထုတ်ပြန်သော ကြေညာချက်တွင် ဖော်ပြသည်။

၂၀၁၀ ပြည့်နှစ် မေ ၃၁ ရက်က မြေထဲပင်လယ်၏ နိုင်ငံတကာ ရေပိုင်နက်အတွင်း ဂါဇာဒေသသို့ ဦးတည်ခုတ်မောင်းလာသော ရေယာဉ်ငယ်ခြောက်စင်းကို အစ္စရေးတပ်ဖွဲ့ဝင်များက စစ်ဆင်ရေးတစ်ရပ်ဖြင့် ကြားဖြတ်ဟန့်တားခဲ့သည်။

### တင်ဆောင်လာ

ဂါဇာလွတ်မြောက်ရေးလှုပ်ရှားမှုအဖွဲ့နှင့် တူရကီလူ့အခွင့်အရေး ဖောင်ဒေးရှင်းတို့၏ အစီအစဉ်အရ ယင်းရေယာဉ်ငယ်များပေါ်တွင် ပါလက်စတိုင်းတို့ထံ ပေးပို့မည့် အထောက်အပံ့ပစ္စည်းများကို တင်ဆောင်လာခဲ့သည်။

ဂါဇာကမ်းမြောင်ဒေသကို အစ္စရေးနိုင်ငံက ရေကြောင်းမှ ပိတ်ဆို့ထားမှုကိုအာခံကာ အထောက်အပံ့ပစ္စည်းများကို ပါလက်စတိုင်းတို့ထံ ပေးပို့ခြင်းဖြစ်သည်။ **အင်တာနက်။**

**လွန်ခဲ့သောနှစ်က ဂါဇာသို့ ဦးတည်ခုတ်မောင်းလာသော ရေယာဉ်တစ်စင်းကို အစ္စရေးတပ်ဖွဲ့က ကြားဖြတ်ဟန့်တားစဉ်။**

# ဆွစ်ဇာလန်နိုင်ငံ ဇူးရစ်မြို့သို့ သီရိလင်္ကာလေကြောင်းလိုင်းခရီးစဉ်ပျံသန်း

**ကိုလံဘို ဒီဇင်ဘာ ၂၃**

သီရိလင်္ကာနိုင်ငံပိုင် သီရိလင်္ကာလေကြောင်းလိုင်းသည် ကမ္ဘာတစ်လွှားရှိ မြို့ကြီးများသို့ လေကြောင်းခရီးစဉ်များကို တိုးချဲ့ပျံသန်းလျက်ရှိကြောင်း၊ ယင်းလေကြောင်းလိုင်းသည် ဆွစ်ဇာလန်နိုင်ငံ ဇူးရစ်မြို့သို့ လေကြောင်းခရီးစဉ်ပျံသန်းမှုကို ဒီဇင်ဘာ ၂၃ရက်တွင် စတင်လိုက်ကြောင်း သတင်းကြေညာချက်တစ်ရပ်တွင် ဖော်ပြသည်။

### ၃၃ နိုင်ငံအကျုံးဝင်

သီရိလင်္ကာနိုင်ငံပိုင် လေကြောင်းဌာန၏ နိုင်ငံတကာခရီးစဉ်ကွန်ရက်တွင် ၅၈ခုမြောက် ခရီးဆုံးပန်းတိုင်အဖြစ် ဇူးရစ်မြို့သို့ ပျံသန်းခြင်းဖြစ်သည်။ ယင်း လေကြောင်းခရီးစဉ်ကွန်ရက်တွင် နိုင်ငံပေါင်း ၃၃နိုင်ငံအကျုံးဝင် ပါရှိသည်။

သီရိလင်္ကာလေကြောင်းလိုင်းသည် လွန်ခဲ့သည့် ၁၁လတာကာလအတွင်း ရှန်ဟိုင်း(တရုတ်)၊ ကွမ်ကျိုး(တရုတ်)၊ ကိုချီ(ရုရှား) နှင့် မော်စကို(ရုရှား)မြို့များသို့ ခရီးစဉ်သစ်များ ဖွင့်လှစ်ခဲ့သည်။

သီရိလင်္ကာနိုင်ငံသည် ၁၉၈၀ပြည့်နှစ်တွင် ဇူးရစ်မြို့သို့ လေကြောင်းခရီးစဉ်စတင် ပျံသန်းခဲ့သော်လည်း ၂၀၀၅ခုနှစ်တွင် ယင်းခရီးစဉ်ပျံသန်းမှုကို ဆိုင်းငံ့ထားခဲ့သည်။ ကမ္ဘာတစ်ဝန်း လေကြောင်းလုပ်ငန်းများကျဆင်းမှု၏ အကျိုးဆက်အဖြစ် ခရီးစဉ်ပျံသန်းမှုကို ဆိုင်းငံ့ခဲ့ခြင်းဖြစ်သည်။

**ဆင်ဟွာ။**

# တရုတ်တိုင်ပေ၌ ၁၄နှစ်အတွင်း အဆိုးရွားဆုံး ခွာနာလျှာနာဖြစ်ပွား

**တိုင်ပေ ဒီဇင်ဘာ ၂၃**

တရုတ်တိုင်ပေ၌ ၁၄နှစ်အတွင်း အဆိုးရွားဆုံးသော ခွာနာလျှာနာရောဂါဖြစ်ပွားလျက်ရှိရာ ဝက်ကောင်ရေ ၁၀၀၀ခန့် အထိကိုသတ်ဖြတ်ကာ ရှင်းလင်းသုတ်သင်လိုက်ရကြောင်း ဒေသဆိုင်ရာသတင်းဌာနများက ဒီဇင်ဘာ ၂၃ရက်တွင် သတင်းထုတ်ပြန်သည်။

တရုတ်တိုင်ပေ တောင်ပိုင်း တိုင်နန်းမြို့ရှိ ဝက်ခြံတစ်ခြံ၌ ခွာနာလျှာနာရောဂါဖြစ်ပွားနေသော ဝက်အချို့ကို တွေ့ရှိခဲ့ရပြီးနောက် ရောဂါကူးစက်မှုမရှိစေရန် ဝက်များကို ရှင်းလင်းသုတ်သင်ခဲ့သည်။

အဆိုပါဝက်ခြံရှိ ဝက်ကောင်ရေ ၂၆၆၇ကောင်အနက် ၉၈၃ကောင်ကို ရှင်းလင်းသုတ်သင်ခဲ့ပြီး ကျန်ရှိသော ဝက်များကို ကာကွယ်ဆေးထိုးပေးခဲ့ကြောင်း တိရစ္ဆာန်နှင့် အပင်ဆိုင်ရာ ကျန်းမာရေးဌာနက ပြောကြားခဲ့သည်။

တိုင်နန်းမြို့ရှိ အခြားသောမွေးမြူရေးခြံများ၌ ခွာနာလျှာနာရောဂါဖြစ်ပွားသည့်လက္ခဏာများကို မတွေ့ရကြောင်း၊ ရောဂါပိုးတွေ့ရှိသောနေရာမှ ၁ ဒသမ ၈ မိုင်အကွာအဝေးအတွင်း ရောဂါကူးစက်မှုမရှိကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။ တရုတ်တိုင်ပေ၌ ၁၉၉၇ ခုနှစ်က ခွာနာလျှာနာရောဂါကူးစက်မှုဖြစ်ပွားခဲ့ရာ ဝက်ကောင်ရေ သုံးသန်းကျော်အထိကို သတ်ဖြတ်ကာ ရှင်းလင်းသုတ်သင်ခဲ့ရသည်။ **အင်တာနက်။**

# စစ်ရေးပူးပေါင်းလေ့ကျင့်ရန် ပီရူးနှင့် ဘရာဇီးသဘောတူစာချုပ်ချုပ်

**လီမာ ဒီဇင်ဘာ ၂၃**

ပီရူးနှင့် ဘရာဇီးနိုင်ငံတို့သည် နှစ်နိုင်ငံနယ်စပ်ဒေသနှင့် အခြားအမျိုးသားလုံခြုံရေးမဟာဗျူဟာမြောက်နယ်မြေများမှ တပ်ဖွဲ့များ၏အရည်အသွေး တိုးမြှင့်ရေးအတွက် စစ်ရေးပူးပေါင်းဆောင်ရွက်ရန် ဒီဇင်ဘာ ၂၂ ရက်တွင် သဘောတူလက်မှတ်ရေးထိုးကြသည်ဟု တာဝန်ရှိသူများက ပြောကြားခဲ့သည်။

ပီရူးကာကွယ်ရေးဝန်ကြီး လူအစ်အိုတာရိုလာနှင့် ဘရာဇီးကာကွယ်ရေးဝန်ကြီး ဆဲလ်ဆိုအမိုရမ်တို့ လက်မှတ်ရေးထိုးခဲ့သောစာချုပ်အရ နှစ်နိုင်ငံကြား ရင်းနှီးမှုနက်ရှိုင်းခြင်းကိုပြသရန် လုံခြုံရေးနှင့် ကာကွယ်ရေးနယ်ပယ်တို့တွင် ဘရာဇီးက ပီရူးတပ်ဖွဲ့များကို သင်တန်းများပို့ချပေးခြင်း၊ နည်းပညာထောက်ကူပေးခြင်းနှင့် ထောက်ပံ့ပို့ဆောင်ရေးတို့ကို ကူညီမည်ဖြစ်သည်။

### ဆက်ဆံ

အမေဇုန်ဒေသကို ထိန်းသိမ်းစောင့်ရှောက်ရန်နှင့် နယ်စပ်ဒေသတွင် နှစ်နိုင်ငံ အကျိုးစီးပွားဖော်ဆောင်ရန် ၂၀၀၄ခုနှစ်က ချုပ်ဆိုခဲ့သော ကာကွယ်ရေးသဘောတူစာချုပ်ကို အခြေခံ၍ ရင်းနှီးချစ်ကြည်စွာ ဆက်ဆံလျက်ရှိကြသည်ဟု နှစ်နိုင်ငံဝန်ကြီးတို့က ပြောကြားခဲ့သည်။

ရာဇဝတ်မှုနှင့် မူးယစ်မှောင်ခိုမှုတိုက်ဖျက်ရေးနှင့် တောင်အမေရိကတိုက် သဘာဝအရင်းအမြစ်ကို ပြင်ပရန် ကာကွယ်တားဆီးရေးကိုလည်း ပူးပေါင်းဆောင်ရွက်ကြမည်ဟု ပြောကြားခဲ့သည်။ **ဆင်ဟွာ။**

# မက္ကဆီကိုနိုင်ငံ ပြည်နယ်မြို့တော်တစ်ခု၌ ရဲတပ်ဖွဲ့ကို ဖျက်သိမ်း၍ စစ်ဘက်က လုံခြုံရေးတာဝန်ယူထားရ



**မက္ကဆီကို ရေတပ် မရိန်းတပ်ဖွဲ့ဝင်တစ်ဦး လုံခြုံရေးတာဝန်ထမ်းဆောင်နေစဉ်။**

**ဗီရာခရုဇ် ဒီဇင်ဘာ ၂၃**

မက္ကဆီကိုနိုင်ငံ ဗီရာခရုဇ်ပြည်နယ် ဗီရာခရုဇ်မြို့တော်၏ ရဲတပ်ဖွဲ့တစ်ဖွဲ့လုံးကို ပြည်နယ်အာဏာပိုင်များက ဖျက်သိမ်းခဲ့ပြီး ၎င်းတို့၏ တာဝန်ဝတ္တရားများအား မက္ကဆီကိုရေတပ်က လွှဲပြောင်းတာဝန်ယူသွားမည်ဖြစ်ကြောင်း ဒီဇင်ဘာ ၂၁ ရက် သတင်းများတွင် ဖော်ပြသည်။

ဗီရာခရုဇ်ပြည်နယ်သည် မူးယစ်ဆေးဝါးနှင့် ဆက်နွှယ်သော အကြမ်းဖက်မှုများကို အပြင်းအထန်ရင်ဆိုင်နေရသည့် မက္ကဆီကိုပြည်နယ်တစ်ခုဖြစ်သည်။

ဗီရာခရုဇ်မြို့တော် ရဲတပ်ဖွဲ့တစ်ခုလုံးကို ဖျက်သိမ်းမှုသည် တရားဥပဒေစိုးမိုးရေးအဖွဲ့အစည်းများအတွင်း ပေါ်ပေါက်နေသော အဂတိလိုက်စားမှုပြဿနာအား မြေလှန်ဖယ်ရှားရေးအတွက် ကြိုးပမ်းမှုတစ်ရပ်ဖြစ်သည်ဟု ပြည်နယ်အာဏာပိုင်များက ပြောကြားခဲ့သည်။

ပြည်နယ်အာဏာပိုင်များသည် ဗီရာခရုဇ်မြို့တော် ရဲတပ်ဖွဲ့မှ ရဲတပ်ဖွဲ့ဝင် ၈၀၀ နှင့် စီမံခန့်ခွဲရေးဝန်ထမ်း ၃၀၀ တို့ကို လက်ရှိတာဝန်များမှ ဖယ်ရှားခဲ့သည်။ သို့ရာတွင် ၎င်းရဲတပ်ဖွဲ့ဝင်များသည် ပြည်နယ်၏ ရဲလုပ်ငန်းများ၌ ပါဝင်ရန် ဆန္ဒရှိပါက တင်းကျပ်သော စည်းမျဉ်းများကို လိုက်နာနိုင်မည်ဆိုလျှင် ပါဝင်နိုင်သည့်အခွင့်အရေးရှိဆဲဖြစ်ကြောင်း သိရသည်။

ပြီးခဲ့သည့် စက်တင်ဘာလအတွင်း ဗီရာခရုဇ်မြို့၌ မူးယစ်ဆေးဝါးနှင့်ပတ်သက်သော အကြမ်းဖက်မှုများကြောင့် လူပေါင်း ၃၅ ဦးသေဆုံးခဲ့ရပြီးနောက် မက္ကဆီကိုရေတပ်မရိန်းတပ်ဖွဲ့ဝင်များက မြို့တော်ရဲဌာနချုပ်ကို ပိတ်သိမ်းလိုက်ပြီး ရေတပ်ရဟတ်ယာဉ်များနှင့်လည်း မြို့တော်အား ကင်းလှည့်စောင့်ကြပ်ခဲ့ရသည်။ ***အင်တာနက်။***

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ဒေါ်အောင်ဆန်းစုကြည်အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဒီဇင်ဘာ ၂၃**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ဒေါ်အောင်ဆန်းစုကြည်အား ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

**တက်ရောက်**

ထိုသို့တွေ့ဆုံရာ၌ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့်အတူ ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာနှင့် ပြည်သူ့လွှတ်တော်ရေးရာ ကော်မတီများမှဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများ၊ လွှတ်တော်ရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြပြီး ဒေါ်အောင်ဆန်းစုကြည်နှင့်အတူ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ဦးခွန်သာမြင့်နှင့် ဒေါက်တာငယ်ငယ်တို့ တက်ရောက်ကြသည်။

ယင်းသို့တွေ့ဆုံရာတွင် လွှတ်တော်ရေးရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ မေးမြန်းဆွေးနွေးခဲ့ကြောင်း သိရသည်။ (သတင်းစဉ်)



**ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ဒေါ်အောင်ဆန်းစုကြည်အား နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။** (သတင်းစဉ်)

# ရင်းနှီးမြှုပ်နှံမှုကို ပိုမိုတွန်းအားပေးရန် ဗဟိုဘဏ်အတိုးနှုန်းလျှော့ချသတ်မှတ်

## ပြည်ပရောက်မြန်မာအလုပ်သမားများ ပြည်တွင်းပုဂ္ဂလိကဘဏ်များမှတစ်ဆင့် ငွေလွှဲပို့နိုင် နိုင်ငံခြားငွေဖြင့် ပေးဆောင်စေသည့် ဝင်ငွေခွန်ကိုလည်း ကင်းလွတ်ခွင့်ရရှိမည်

**နေပြည်တော် ဒီဇင်ဘာ ၂၃**

နိုင်ငံတော်၏စီးပွားရေး တည်ငြိမ်စွာဖွံ့ဖြိုးတိုးတက်စေရေးအတွက် လက်ရှိစီးပွားရေးနှင့် ငွေရေးကြေးရေးအခြေအနေများအပေါ် လေ့လာသုံးသပ်၍ သင့်လျော်သည့် ငွေကြေးမူဝါဒနည်းလမ်းများကို အသုံးပြုလျက်ရှိကြောင်း၊ နိုင်ငံတော်၏ စီးပွားရေးအရှိန်အဟုန်မြှင့်တင်နိုင်ရန်၊ ရင်းနှီးမြှုပ်နှံမှုကို အားပေးရန်၊ ဘဏ်များယှဉ်ပြိုင်နိုင်မှုကို ဖန်တီးပေးခြင်းဖြင့် စွမ်းဆောင်ရည် ပိုမိုမြင့်မားလာစေရန်နှင့် အပ်နှံငွေအပေါ် ထားရှိသည့် ကာလအလိုက် အတိုးနှုန်းအမျိုးမျိုးကို အားပေးဖော်ဆောင်နိုင်ရန်အတွက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် ၁- ၉- ၂၀၁၁ ရက်မှစ၍ အတိုးနှုန်းကို ပြင်ဆင်သတ်မှတ်ပေးခဲ့ကြောင်း၊ ထိုသို့အတိုးနှုန်းများ လျှော့ချသတ်မှတ်ပေးခဲ့သော်လည်း မြန်မာနိုင်ငံ၏စီးပွားရေး တိုးတက်မှုနှုန်းသည် အနည်းငယ် တုံ့ဆိုင်းနေသေးသည်ကို တွေ့ရကြောင်း၊ ငွေကြေးပမာဏ (Money Supply) မှာ လစဉ်အနည်းငယ် တိုးတက်လျက်ရှိသော်လည်း အဓိကမှာ ဘဏ်များ၏အပ်နှံငွေများ တိုးမြင့်လာခြင်းကြောင့် ဖြစ်သည်ကို တွေ့ရှိရကြောင်းဖြင့် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန စုပေါင်းခန်းမ၌ ကျင်းပသည့် ဘဏ်များကြီးကြပ်ရေးကော်မတီနှင့် မြန်မာနိုင်ငံဘဏ်များအသင်း အမှုဆောင်အဖွဲ့၏ (၁၃၅)ကြိမ်မြောက် အစည်းအဝေး၌ ပြောကြားခဲ့သည်။

ထို့အတွက်ကြောင့် ရင်းနှီးမြှုပ်နှံမှုကို ပိုမိုတွန်းအားပေးရန်နှင့် နိုင်ငံတော်၏ စီးပွားရေးအရှိန်မြှင့်တင်နိုင်ရန်အတွက် ၂၀၁၂ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ စတင်၍ ဗဟိုဘဏ်အတိုးနှုန်း (Bank Rate) ကို ၁၂ ရာခိုင်နှုန်းမှ ၁၀ ရာခိုင်နှုန်းသို့ လျှော့ချသတ်မှတ်မည်ဖြစ်ကြောင်း၊ ထိုသို့လျှော့ချလိုက်သည့်အတွက် ဘဏ်များမှ အပ်ငွေများအပေါ် ပေးရသည့် အတိုးနှုန်းကိုလည်း ၂၀၁၂ ခုနှစ် ဇန်နဝါရီ ၁ ရက်မှစ၍ ဗဟိုဘဏ်အတိုးနှုန်းအောက် ၂ ရာခိုင်နှုန်းဖြစ်သည့် ၈ ရာခိုင်နှုန်းထက် မနည်းစေရန်နှင့် ချေးငွေများနှင့် စာရင်းပိုထုတ်ချေးငွေများအပေါ် တောင်းခံနိုင်သည့် အတိုးနှုန်းကိုလည်း ဗဟိုဘဏ်အတိုးနှုန်းထက် ၃ ရာခိုင်နှုန်းဖြစ်သည့် ၁၃ ရာခိုင်နှုန်းထက် မကျော်လွန်စေရန် ပြင်ဆင်သတ်မှတ်မည်ဖြစ်ကြောင်း၊ ဘဏ်များ၏ အပ်ငွေအပေါ်ပေးသည့် အတိုးနှုန်းနှင့် ချေးငွေအပေါ် ကောက်ခံသည့် အတိုးနှုန်းများကို အသီးသီးလျှော့ချမည် ဖြစ်သည့်အတွက် အစိုးရငွေတိုက် စာချုပ်များအပေါ် အတိုးနှုန်းအား သက်တမ်းနှစ်နှစ်အတွက် ၈ ဒသမ ၇၅ ရာခိုင်နှုန်း၊ သက်တမ်းသုံးနှစ်အတွက် ၉ ဒသမ ၀၀ ရာခိုင်နှုန်းနှင့် သက်တမ်းငါးနှစ်အတွက် ၉ ဒသမ ၅၀ ရာခိုင်နှုန်းသို့ ပြောင်းလဲသတ်မှတ်မည်ဖြစ်ကြောင်း။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် ၂၅-၁၁-၂၀၁၁ ရက်တွင် ပြည်တွင်းပုဂ္ဂလိကဘဏ် ၁၁ ဘဏ်အား နိုင်ငံခြားငွေရောင်းဝယ်ဖောက်ကားခွင့်လိုင်စင် (Authorized Dealer License) ထုတ်ပေးခဲ့ကြောင်း၊ အဆိုပါ လိုင်စင်ရရှိသော ဘဏ်များအနေဖြင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ သတ်မှတ်ထားသည့် စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ နိုင်ငံခြားသုံးငွေများအား ရောင်းဝယ်ဖောက်ကားလျက်ရှိကြောင်း၊ လက်ရှိအခြေအနေတွင် မြန်မာနိုင်ငံသားအလုပ်သမားများသည် တရားဝင်လမ်းကြောင်းအပြင် တရားမဝင်လမ်းကြောင်းများမှ ထိုင်း၊ စင်ကာပူ၊ မလေးရှား၊ ဂျပန်၊ ကိုရီးယားနှင့် အရှေ့အလယ်ပိုင်းနိုင်ငံများသို့ သွားရောက်ကာ အလုပ်လုပ်ကိုင်လျက်ရှိကြောင်း၊ ထိုသို့ အလုပ်လုပ်ကိုင်ရာမှ ရရှိလာသောဝင်ငွေများကို တရားမဝင်သော နည်းလမ်းများဖြစ်သည့် ဟွန်ဒီစနစ်ဖြင့်သာ လွှဲပို့နေရကြောင်း၊ သို့ဖြစ်၍ နိုင်ငံခြားငွေ ရောင်းဝယ်ဖောက်ကားခွင့်လိုင်စင်ရ ဘဏ်များဖြစ်သည့် သမဝါယမဘဏ်၊ ကမ္ဘောဇဘဏ်၊ ဧရာဝတီဘဏ်နှင့် အာရှစီမံးလန်းမှုဖွံ့ဖြိုးရေးဘဏ်တို့မှ စင်ကာပူ၊ ထိုင်းနှင့် မလေးရှားနိုင်ငံတို့ရှိ မြန်မာအလုပ်သမားများထံမှ မြန်မာနိုင်ငံရှိ မိသားစုများထံ ငွေလွှဲပို့မှုအစီအစဉ် ဆောင်ရွက်ရန်အတွက် တင်ပြခြင်းအား ခွင့်ပြုပေးခဲ့ကြောင်းဖြင့်လည်း ဆက်လက်ပြောကြားခဲ့သည်။

ပြည်ထောင်စုအစိုးရအဖွဲ့၏ အမိန့်ကြော်ငြာစာအမှတ်(၅၇/၂၀၁၁)ဖြင့် ပြည်ပနေနိုင်ငံသားများက နိုင်ငံခြားငွေဖြင့်ရရှိသည့် လစာစာရင်းခေါင်းစဉ်အောက်တွင် ဝင်ငွေစုစုပေါင်းအပေါ် ရရှိသည့် နိုင်ငံခြားငွေ အမျိုးအစားဖြင့် ပေးဆောင်စေသည့် ဝင်ငွေခွန်ကို ဝင်ငွေခွန် ဥပဒေ ပုဒ်မ-၅၊ပုဒ်မခွဲ(ခ) အရ ၂၀၁၂ ခုနှစ် ဇန်နဝါရီ ၁ ရက်မှစတင်၍ ကင်းလွတ်ခွင့် ရရှိခံစားရမည်ဖြစ်သည်။ ထို့ကြောင့် ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်နေသောအလုပ်သမားများ မြန်မာနိုင်ငံသို့ ငွေလွှဲပေးပို့ရာတွင် ပေးဆောင်ရမည့် ဝင်ငွေခွန် ၂ရာခိုင်နှုန်းမှာ ကင်းလွတ်ခွင့်ပြုသည့်နေ့မှစ၍ ပေးဆောင်ရန် မလိုအပ်တော့ပေ။

ပြည်ပရောက် မြန်မာအလုပ်သမားများမှ မြန်မာနိုင်ငံရှိ မိသားစုထံ ပြည်တွင်းပုဂ္ဂလိကဘဏ်များမှတစ်ဆင့် ငွေလွှဲပို့ခြင်းအားဖြင့် ပြည်ပတွင် အလုပ်လုပ်ကိုင်နေသောနိုင်ငံသားများမှ မိခင်နိုင်ငံရှိ မိသားစုများထံ တရားဝင်လမ်းကြောင်းမှ လုံခြုံစိတ်ချစွာ ငွေလွှဲပို့နိုင်မည်ဖြစ်ပြီး ပြည်ပရောက် မြန်မာအလုပ်သမားများမှ လွှဲပို့သည့် နိုင်ငံခြားငွေပမာဏကို နိုင်ငံတော်မှ အလွယ်တကူသိရှိနိုင်၍ အမျိုးသားဝင်ငွေ (National Income) ခန့်မှန်းတွက်ချက်ရာတွင် အထောက်အကူပြုမည်ဖြစ်ကြောင်း သိရှိရသည်။

အဆိုပါအခမ်းအနားသို့ ဒုတိယဝန်ကြီး ဦးဝင်းသန်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ ဦးသန်းညိန်း၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနရှိ ဦးစီးဌာန၊ လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ နိုင်ငံတော်ပိုင်ဘဏ်နှင့် ပုဂ္ဂလိကဘဏ်များမှ ဥက္ကဋ္ဌများ၊ အုပ်ချုပ်မှုဒါရိုက်တာများနှင့် အမှုဆောင်အဖွဲ့ဝင်များ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



**ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း ဘဏ်များကြီးကြပ်ရေးကော်မတီနှင့် မြန်မာနိုင်ငံဘဏ်များအသင်း အမှုဆောင်အဖွဲ့၏ (၁၃၅)ကြိမ်မြောက်အစည်းအဝေး၌ အမှာစကားပြောကြားစဉ်။**

(သတင်းစဉ်)

## မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

**၂၄-၁၂-၂၀၁၁ (စနေနေ့)**
**(၁၃၇၃ ခုနှစ်၊ နတ်တော်လကွယ်နေ့) (ဥပုသ်နေ့)**

**နံနက်ပိုင်း**

- ၇း၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ အင်္ဂုလိမာလ်ဗုဒ္ဓဇယမင်္ဂလာ (ယဉ်ဝေယံထွန်း၊ တေးရေး-ဂီတစာဆိုမျိုးနွယ်ဆွေ)
- ၇း၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၈း၀၀ ၆။ သက်ရှည်ကျန်းမာလေ့ကျင့်ပါ
- ၈း၁၀ ၇။ “သုတရောင်စုံပန်းခင်း”
- ၈း၂၀ ၈။ ကဗျာပန်းဥယျာဉ်
- ၈း၃၀ ၉။ တေးဂီတအစီအစဉ်
- ၈း၃၅ ၁၀။ International News
- ၈း၄၀ ၁၁။ မင်းကွန်းဆရာတော်ကြီး၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်း တရားတော်
- ၉း၀၀ ၁၂။ အစီအစဉ်ပြီး၏။

**နေ့လယ်ပိုင်း**

- ၁၁း၀၀ ၁။ စစ်သည်တေး
- ၁၁း၁၀ ၂။ တေးဂီတအစီအစဉ်
- ၁၁း၂၀ ၃။ တစ်ပတ်အတွင်းရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
- ၁း၅၅ ၄။ “နှုတ်မြိန်ဖွယ်ရာချစ်ဟင်းလျာ”
- ၂း၁၀ ၅။ **နိုင်ငံခြားဇာတ်လမ်းတွဲ “ရဲစုံထောက်ဘတ်ဂျောင်ဂွန်း” (အပိုင်း-၃၄)**
- ၃း၀၀ ၆။ အစီအစဉ်ပြီး၏။

**ညပိုင်း**

- ၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄း၀၅ ၂။ တေးဂီတအစီအစဉ်
- ၄း၁၅ ၃။ မြူးမြူးကြွကြွယဉ်ကျေးမှုအက
- ၄း၂၅ ၄။ “ကုသမနေးတီဘီဘေး”
- ၄း၄၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -တတိယနှစ် (ဓာတုဗေဒအထူးပြု) (ဓာတုဗေဒ)
- ၄း၅၅ ၆။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
- ၅း၀၀ ၇။ International Science News
- ၅း၁၅ ၈။ “ပြန်ကြားရေးဝန်ကြီးဌာန နိုင်ငံတော်ဆိုင်းဝိုင်းကြီး ဖျော်ဖြေတင်ဆက်မှုအစီအစဉ်”
- ၅း၃၀ ၉။ လှပစုံလင်အာဆီယံတစ်ခွင်
- ၅း၄၀ ၁၀။ “လေတာဘိုင်များ တည်ဆောက်ခြင်း”
- ၆း၀၀ ၁၁။ ညနေခင်းသတင်း
- ၆း၁၅ ၁၂။ မိုးလေဝသအခြေအနေ
- ၆း၂၀ ၁၃။ အလှူရှာမယ် လှုကမ္ဘာဝယ်
- ၆း၄၀ ၁၄။ “နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်” (အပိုင်း-၁)
- ၇း၀၀ ၁၅။ **မြန်မာရုပ်ရှင် “ပျော်လိုက်ရအောင်” (အပိုင်း-၁) (လွင်မိုး၊ စိုးမြတ်နန္ဒာ၊ ခိုင်သင်းကြည်) [ဒါရိုက်တာ-ကိုဇော် (အရုဏ်ဦး)]**
- ၈း၀၀ ၁၆။ ပြည်တွင်းသတင်း
- ၁၇။ နိုင်ငံတကာသတင်းများ
- ၁၈။ မိုးလေဝသအခြေအနေ
- ၁၉။ **ကာတွန်းအစီအစဉ် “တောကောင်ငယ် သိုင်းညီနောင်လေးများ” (ဒုတိယတွဲ) (အပိုင်း-၇၆)**
- ၂၀။ **မြန်မာရုပ်ရှင် “ပျော်လိုက်ရအောင်” (ဇာတ်သိမ်းပိုင်း) (လွင်မိုး၊ စိုးမြတ်နန္ဒာ၊ ခိုင်သင်းကြည်) [ဒါရိုက်တာ-ကိုဇော် (အရုဏ်ဦး)]**
- ၂၁။ ဂီတတံခါးလေးဖွင့်ပါဦး
- ၂၂။ အစီအစဉ်ပြီး၏။



**ဒီဇင်ဘာ ၃ ရက်က ရန်ကုန်မြို့ အလုံမြို့နယ် အလုံခန်းမ၌ ကျင်းပသော ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ဟောပြောပွဲ၌ ဆရာဝန်စာရေးဆရာမ ဒေါက်တာနိုက်တင်ဂေးလ်(ခ) ယဉ်မင်းဦး(ဆေးတက္ကသိုလ်)က “ခွဲခြားနှိမ့်ချကင်းစင်လို့ အေအိုင်ဒီအက်စ်ပပျောက်ဖို့ အားလုံးပါဝင်ဆောင်ရွက်စို့” ခေါင်းစဉ်ဖြင့် ဟောပြောစဉ်။**

(ကြေးမုံ)

# အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် ဒေါ်အောင်ဆန်းစုကြည်အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဒီဇင်ဘာ ၂၃**

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်သည် ဒေါ်အောင်ဆန်းစုကြည်အား ယနေ့ မွန်းလွဲ ၁ နာရီ ၁၅ မိနစ်တွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာ၌ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်နှင့်အတူ ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်းနှင့် အမျိုးသားလွှတ်တော်ရေးရာကော်မတီများမှ ဥက္ကဋ္ဌများနှင့် လွှတ်တော်ရုံးမှတာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြပြီး ဒေါ်အောင်ဆန်းစုကြည်နှင့်အတူ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ဦးခွန်သာမြင့်နှင့် ဒေါက်တာငယ်ငယ်တို့ တက်ရောက်ကြသည်။

ယင်းသို့ တွေ့ဆုံရာတွင် လွှတ်တော်ရေးရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ မေးမြန်းဆွေးနွေးခဲ့ကြောင်း သိရသည်။ (သတင်းစဉ်)



**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် ဒေါ်အောင်ဆန်းစုကြည်အား နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။** (သတင်းစဉ်)

# ရိတ်သိမ်းခြွေလှေ့စက်ဖြင့် မိုးစပါးရိတ်သိမ်းပွဲ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ကြည့်ရှုအားပေး

နေပြည်တော် ဒီဇင်ဘာ ၂၃

**ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသိန်းအောင်သည် ဒီဇင်ဘာ ၂၀ ရက် နံနက်ပိုင်းတွင် ပုသိမ်မြို့ တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံး၌ ကျင်းပသည့် ညစ်ညမ်း VCD ခွေများ၊ ညစ်ညမ်း MP4 နှင့် Memory Stick များ ဖျက်ဆီးပွဲအခမ်းအနားသို့ တက်ရောက်သည်။**

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာ၌ တိုင်းဒေသကြီးအတွင်း တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးတွင် အဓိကအဟန့်အတားဖြစ်နေသည့် ညစ်ညမ်း Video အမှုများ၊ လောင်းကစားမှုများအပါအဝင် မူးယစ်ဆေးဝါး၊ အရက်ပုန်း၊ ပြည့်တန်ဆာမှုများနှင့် ရာဇဝတ်ပြစ်မှုများ မကြာခဏကျူးလွန်လေ့ရှိသည့် ပြေးလေးပြေးများကိုလည်း မိမိတို့ဒေသအတွင်း ပပျောက်အောင် ဖမ်းဆီးနှိမ်နင်းဆောင်ရွက်သွားကြရန်လိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး ရဲမှူးကြီးမျိုးသန်းက တိုင်းဒေသကြီးအတွင်း ဖမ်းဆီးရမိသည့် ညစ်ညမ်းနှင့် ဆင်ဆာမဲ့ VCD ခွေများ၊ ညစ်ညမ်း MP4 နှင့် Memory Stick များ၊ TV နှင့် Computer ဆက်စပ်ပစ္စည်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

**မီးရှို့ဖျက်ဆီး**

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် တိုင်းဒေသကြီးရဲတပ်ဖွဲ့ရုံးဝင်းအတွင်းရှိ စစ်ရေးပြကွင်း၌ ဖျက်ဆီးမည့် ၂၀၁၁ခုနှစ်အတွင်း ဖော်ထုတ်ဖမ်းဆီးရမိသော ညစ်ညမ်းနှင့် ဆင်ဆာမဲ့ VCD ခွေများ၊ ညစ်ညမ်း MP4 နှင့် Memory Stick များ၊ TV နှင့် Computer ဆက်စပ်ပစ္စည်းများကို လှည့်လည်ကြည့်ရှုပြီး တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီးမောင်မောင်ဝင်းက ညစ်ညမ်း VCD ၅၄၆၄ ခွေကို စက်ခလုတ်နှိပ် မီးရှို့ဖျက်ဆီးပေးသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ပုသိမ်မြို့နယ် ပေါက်ကုန်းကျေးရွာအုပ်စုရှိ တောင်သူ ဦးသောင်းညွန့်၏ လယ်မြေ၌ ဧရာပုသိမ်ဆန်စပါးအထူးပြုကုမ္ပဏီက ရိတ်သိမ်းခြွေလှေ့စက် (Combine Harvester) ဖြင့် မိုးစပါး ရိတ်သိမ်းပွဲအခမ်းအနားသို့ တက်ရောက်ကြည့်ရှုအားပေးပြီး ပေါက်ကုန်းကျေးရွာအုပ်စု ဘုရားကြီးကုန်းကျေးရွာရှိ ဧရာပုသိမ် ဆန်စပါးအထူးပြုကုမ္ပဏီ ဒါရိုက်တာ ဦးဝင်းမြင့်လှိုင်၏ ခေတ်မီစပါးအခြောက်ခံစက်၌ ကိုရီးယားနိုင်ငံမှ ထုတ်လုပ်သော ခေတ်မီစပါးအခြောက်ခံစက်ကြီးများအသုံးပြု၍ စပါးအခြောက်ခံယူနေမှုများကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



**ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသိန်းအောင် ပုသိမ် မြို့နယ် ပေါက်ကုန်းကျေးရွာအုပ်စု တောင်သူ ဦးသောင်းညွန့်၏ လယ်မြေတွင် စပါးရိတ်သိမ်းနေမှုကို ကြည့်ရှုအားပေးစဉ်။** (သတင်းစဉ်)

# ရွှေတံဆိပ်(၁၁)ဆု၊ ငွေတံဆိပ်(၉)ဆုနှင့် ကြေးတံဆိပ်(၁၄)ဆု ရရှိခဲ့သော အောင်ပွဲရ မြန်မာမသန်စွမ်းအားကစားအဖွဲ့အား ကြိုဆို

**ရန်ကုန် ဒီဇင်ဘာ ၂၃**

ဒီဇင်ဘာ ၁၁ ရက်မှ ၂၂ ရက်အထိ အင်ဒိုနီးရှားသမ္မတနိုင်ငံ ဆိုလိုမြို့၌ ကျင်းပခဲ့သော (၆)ကြိမ်မြောက် အာဆီယံမသန်စွမ်းသူများ အားကစားပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်အောင်မြင်မှုဆုတံဆိပ်များရရှိခဲ့သော မြန်မာနိုင်ငံမသန်စွမ်းသူများ အားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဗိုလ်ချုပ်နေလင်း၊ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးကြီးမျိုးမြင့်(ငြိမ်း) ဦးဆောင်သော မြန်မာမသန်စွမ်းအားကစားအဖွဲ့သည် ဒီဇင်ဘာ ၂၂ ရက် ည ၁၁ နာရီ ၄၅ မိနစ်တွင် လေကြောင်းခရီးဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိကြသည်။

မြန်မာမသန်စွမ်းအားကစားအဖွဲ့သည် ရွှေတံဆိပ် ၁၁ ဆု၊ ငွေတံဆိပ် ကိုးဆုနှင့် ကြေးတံဆိပ် ၁၄ ဆု ရရှိခဲ့ပြီး အာဆီယံနိုင်ငံ ၁၁ နိုင်ငံ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့်အနက် နိုင်ငံအလိုက် အဆင့်(၆) ရရှိခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါ တိုက်ဖျက်ရေးနေ့အခမ်းအနား စဉ့်ကူးမြို့၌ ကျင်းပ

**စဉ့်ကူး ဒီဇင်ဘာ ၂၃**

စဉ့်ကူးမြို့နယ် လူထုကျန်းမာရေး ဖွံ့ဖြိုးမှုစီမံချက်က ကြီးမှူးကျင်းပသော ကမ္ဘာ့ခုခံအားကျဆင်းမှုတိုက်ဖျက်ရေးနေ့(၂၀၁၁)အခမ်းအနားကို ဒီဇင်ဘာ ၁ ရက်က စဉ့်ကူးမြို့ ရွှေရတုခန်းမဆောင်၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုင်းမောင်လူက အဖွင့်အမှာစကားနှင့် မြို့နယ်ဆရာဝန်ကြီး ဒေါက်တာသန်းမြင့်က HIV/AIDS ရောဂါအကြောင်း သိကောင်းစရာများကို ရှင်းလင်းပြောကြားကြပြီး **(အောက်ပုံ)** အထိမ်းအမှတ် စာစီစာကုံးနှင့် ကျပန်းစကားပြောပြိုင်ပွဲဆုရရှိကြသော ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုများပေးအပ်သည်။

ထို့နောက် လူထုကျန်းမာရေးဖွံ့ဖြိုးမှုစီမံချက် ပညာပေးသရုပ်ပြကွက် အစီအစဉ်များကို စုပေါင်းသရုပ်ဆောင်ပြသကြကြောင်း သိရသည်။ (၆၂၉)



# ဇေယျာသီရိမြို့နယ် ရေဆင်းဈေး၌ မီးဘေးလုံခြုံရေး ဇာတ်တိုက်လေ့ကျင့်

**နေပြည်တော် ဒီဇင်ဘာ ၂၃**

နေပြည်တော် ဇေယျာသီရိမြို့နယ်မီးသတ်တပ်ဖွဲ့စခန်းမှ မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးအောင်သူရကျော် ဦးဆောင်သည့် မီးသတ်တပ်ဖွဲ့ဝင်များနှင့် ရေဆင်းဈေး တာဝန်ခံ ဒေါ်သန်းသန်းနုတို့ ပူးပေါင်းအဖွဲ့သည် ယနေ့နံနက် ၉ နာရီတွင် ရေဆင်းဈေးအတွင်း ဈေးများမီးဘေးလုံခြုံရေးအတွက် လက်တွေ့သရုပ်ပြ ဇာတ်တိုက်လေ့ကျင့်မှုများကို ဆောင်ရွက်ခဲ့ကြရာ အဆိုပါအခမ်းအနားသို့ သန္တေနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဈေးမိဈေးဖများနှင့် ဈေးသူဈေးသားများ တက်ရောက်ကြသည်။

(သတင်းစဉ်)



**ရန်ကုန်မြို့ ဒဂုံမြို့သစ်(မြောက်ပိုင်း) တပင်ရွှေထီးလမ်းနေ ဦးကျော်မြ-ဒေါ်ကြည်ကြည် မိသားစုက ထာဝရဆွမ်းပဒေသာပင်အတွက် အလှူငွေကျပ်တစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးချစ်မြိုင်ထံ ပေးအပ်လှူဒါန်းစဉ်။** (ကြေးမုံ)

# အမျိုးသမီးများ ပြည်ပအလုပ်အကိုင်များ၌ အလုပ်လုပ်နိုင်

**နေပြည်တော် ဒီဇင်ဘာ ၂၃**

ပြည်ပတွင် အလုပ်လုပ်ကိုင်မှု ကြီးကြပ်ရေးကော်မတီသည် အမျိုးသမီးများ ပြည်ပတွင် အလုပ်လုပ်ကိုင်နိုင်ရန် ဒီဇင်ဘာ ၉ ရက်တွင် မူဝါဒတစ်ရပ် ချမှတ်ခဲ့သည်။

အဆိုပါ မူဝါဒအရ အမျိုးသမီးများသည် အလုပ်သမား ငါးဦးနှင့်အထက်ရှိသော ပြည်ပအလုပ်အကိုင် စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများ၌ သွားရောက်အလုပ်လုပ်ကိုင်နိုင်ပြီး အိမ်ဖော်၊ ဖျော်ဖြေရေးနှင့် သန့်ရှင်းရေး စသောအလုပ်များကို လုပ်ကိုင်ခွင့်မပြုကြောင်းနှင့် လတ်တလောတွင် ထိုင်း၊ မလေးရှားနှင့် စင်ကာပူနိုင်ငံများသို့သာ စေလွှတ်ရန် ရည်ရွယ်ထားကြောင်း သိရသည်။

ထိုသို့ စေလွှတ်လုပ်ကိုင်ရာတွင်လည်း သက်ဆိုင်ရာနိုင်ငံ အလုပ်သမားဥပဒေအရ ရရှိခံစားနိုင်စေရေးနှင့် သက်ဆိုင်ရာနိုင်ငံ မြန်မာသံရုံးများ၊ အလုပ်သမားအရာရှိများက အကာအကွယ်ပေးနိုင်ရေးအတွက် အမျိုးသမီးအလုပ်သမားများသည် လက်ခံသည့် နိုင်ငံဘက်မှ ကမ်းလှမ်းလာသော အလုပ်ခေါ်စာကို နားလည်သိရှိရန် လိုအပ်သကဲ့သို့ အလုပ်ရှင်၊ အလုပ်သမား နှစ်ဦးသဘောတူ ချုပ်ဆိုသောစာချုပ် Employment Contract ကို အသေးစိတ်ဖတ်ရှုရန် လိုအပ်သည်။ နားလည်သဘောပေါက်ပြီး လက်ခံနိုင်မှသာ လက်မှတ်ရေးထိုး စာချုပ်ချုပ်ဆိုရန်ဖြစ်သည်။ စာချုပ်ချုပ်ဆိုပြီးပါက အမျိုးသမီး အလုပ်သမားများသည် စာချုပ်မိတ္တူတစ်စောင်ကိုရယူ၍ မိမိနှင့်မကွာထားရှိရန်လိုအပ်ပြီး အဆိုပါစာချုပ်အား မိမိမှ ချိုးဖောက်ခြင်းမပြုရန် လိုအပ်သကဲ့သို့ အလုပ်ရှင်ဘက်မှ စာချုပ်ချိုးဖောက်ပါကလည်း မြန်မာအလုပ်သမားဝန်ကြီးဌာန၊ သက်ဆိုင်ရာနိုင်ငံ မြန်မာသံရုံးနှင့် Labour Attaches အလုပ်သမားအရာရှိတို့ထံ တိုင်ကြားပါက အပြည့်အဝ အကာအကွယ်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# တွံတေးမြို့၌ ကွန်ကရစ်ခင်းခြင်း လုပ်ငန်းဆောင်ရွက်

**တွံတေး ဒီဇင်ဘာ ၂၃**

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့ သမိုင်းဝင်ရွှေဆံတော်စေတီတော်မြတ်ကြီး ခြေတော်ရင်းပတ်လမ်း ကွန်ကရစ်ကားလမ်းခင်းခြင်းကို ဘဏ္ဍာငွေရှာဖွေရေးအဖွဲ့နှင့် မြို့မိမြို့ဖများက အရှည်ပေ ၁၃၅၀၊ အကျယ် ၁၅ ပေ၊ အမြင့် ကိုးလက်မရှိ ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(၃၄၂)

# တာဝန်ကျရာဒေသမှ တိုင်းရင်းသားညီအစ်ကိုများ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများကို တစ်တပ်တစ်အားပါဝင်ကူညီ စစ်ပညာနှင့် ဆေးပညာကို အစဉ်တစိုက်ယှဉ်တွဲလေ့လာပြီး ခေတ်သစ်စစ်ပွဲများကို ရင်ဆိုင်နိုင်အောင် ကြံဆလုပ်ဆောင်

နေပြည်တော် ဒီဇင်ဘာ ၂၃

တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၃) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနားကို ယနေ့နံနက် ၇ နာရီခွဲတွင် ရန်ကုန်မြို့ တပ်မတော်ဆေးတက္ကသိုလ်စစ်ရေးပြကွင်း၌ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင် တက်ရောက်မိန့်ခွန်းပြောကြားသည်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင် တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၃) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။ (သတင်းစဉ်)

အဆိုပါအခမ်းအနားသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီး ဒေါ်ကြူကြူလှ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့် ဇနီး ဒေါ်ခင်သက်ငွေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးဉာဏ်ထွန်းနှင့် ဇနီး ဒေါ်ခင်အေးမြင့်၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်းနှင့် ဇနီး ဒေါ်ထွေးထွေးညွန့်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ တပ်မတော်ဆေးတက္ကသိုလ် ကျောင်းအုပ်ကြီးနှင့် တပ်နယ်မှ တပ်မတော်အရာရှိကြီးများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ သင်တန်းဆင်းဗိုလ်လောင်းများ၏ မိဘဆွေမျိုးများ တက်ရောက်ကြသည်။

အခမ်းအနားတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်သည် ဗိုလ်လောင်းတပ်ခွဲများ၏ အလေးပြုခြင်းကို ခံယူသည်။

ထို့နောက် ကျောင်းဆင်းဗိုလ်လောင်းတပ်ခွဲများကို စစ်ဆေးပြီး ဗိုလ်လောင်းတပ်ခွဲများ၏ အနှေးလျှောက်၊ အမြန်လျှောက်တို့ဖြင့် ချီတက်အလေးပြုခြင်းကို ခံယူသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၃)မှ အောင်စစ်သည်ဆုရရှိသူ ဗိုလ်လောင်းအမှတ်(၃၁၅၃) ဗိုလ်လောင်းကျော်ဆန်းဝင်း၊ လေ့ကျင့်ရေး ထူးချွန်ဆုရရှိသူ ဗိုလ်လောင်းအမှတ်(၃၂၄၇)ဗိုလ်လောင်းဇင်မောင်ထွေး၊ စာပေထူးချွန်ဆုရရှိသူ ဗိုလ်လောင်း အမှတ်(၃၃၈၀)ဗိုလ်လောင်းရဲသူရမြင့်တို့အား ဆုများပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်က သင်တန်းဆင်းဗိုလ်လောင်းများအား မိန့်ခွန်းပြောကြားရာတွင် တပ်မတော်ဆေးတက္ကသိုလ်၏ ရည်ရွယ်ချက်သည် **တပ်မတော် (ကြည်း၊ရေ၊လေ) အတွက် လိုအပ်သော လက်ရုံးရည်၊ နှလုံးရည် ပြည့်ဝသည့် ဆေးသိပ္ပံပညာရှင် အရာရှိကောင်းများ မွေးထုတ်ပေးရန် ဖြစ်ကြောင်း၊** တပ်မတော်ဆေးတက္ကသိုလ်မှ သင်ကြားပေးလိုက်သော ဆေးဘက်ဆိုင်ရာပညာရပ်များနှင့် စစ်ပညာရပ်များကို အောင်မြင်စွာသင်ကြားတတ်မြောက်ပြီးဖြစ်သော ရဲဘော်တို့သည် တာဝန်ကျရာ တပ်အသီးသီးတွင် တပ်မတော်သားများနှင့် မိသားစုဝင်များ၊ တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးကာကွယ်စောင့်ရှောက်မှု၊ ကျန်းမာရေးအသိပညာပေးဖြန့်ဝေမှုတာဝန်များကို ထမ်းဆောင်ကြရတော့မည် ဖြစ်ကြောင်း၊ ထို့အပြင် တိုက်ပွဲဝင်စစ်သည်များနှင့်အတူ ရှေ့တန်းကျကျ ဆေးအကာအကွယ်ပေးရေးတာဝန်များကို ထမ်းဆောင်ရသကဲ့သို့ တပ်ဌာနချုပ်အသီးသီးက စစ်သည်များနှင့် မိသားစုဝင်များ၏ ကျန်းမာရေးကာကွယ်စောင့်ရှောက်မှုနှင့် အသိပညာပေးရေးတာဝန်များကိုလည်း ထမ်းဆောင်ကြရမည် ဖြစ်ကြောင်း၊ ထို့ကြောင့် **ရဲဘော်တို့တတ်မြောက်ထားသော ဆေးပညာရပ်များကို လက်တွေ့အသုံးချနိုင်ရန် အမြဲမပြတ် လေ့လာသင်ယူလေ့ကျင့်နေကြပြီး အရည်အသွေးမြင့်မားသော ဆရာဝန်ကောင်းများဖြစ်အောင် ကြိုးစားကြရမည်ဖြစ်ကြောင်း၊** အချိန်တိုအတွင်း လက်တွေ့ဆေးကုသမှု အရည်အသွေးတိုးတက်အောင် လေ့လာသွားကြရမည်ဖြစ်ကြောင်း၊ တပ်မတော်သားများဖြစ်သည့် ရဲဘော်တို့သည် တိုက်ရည်ခိုက်ရည်ကောင်းပြီး လက်ရုံးရည်ပြည့်ဝသော ခေါင်းဆောင်များဖြစ်ရန်လိုသကဲ့သို့ ဆရာဝန်ဖြစ်သည့်အလျောက် မြင့်မြတ်သော သဘောထားနှင့် သနားကြင်နာပြီး ကူညီရိုင်းပင်းတတ်သော နှလုံးရည်ပြည့်ဝရန်လည်း လိုကြောင်း၊ ထိုသို့ လက်ရုံးရည်၊ နှလုံးရည်ပြည့်ဝသည့် ခေါင်းဆောင်များ ဖြစ်လာအောင် ရဲဘော်တို့သည် မိမိကိုယ်ကို အမြဲလေ့ကျင့်တည်ဆောက်နေကြရန် မှာကြားလိုကြောင်း။

ခေတ်စနစ်များ ပြောင်းလာသည်နှင့်အမျှ ဆေးသိပ္ပံပညာရပ်များ၊ စစ်ဘက်ဆိုင်ရာပညာရပ်များလည်း တိုးတက်ပြောင်းလဲလာခဲ့ကြောင်း၊ ဆေးပညာနှင့် စစ်ဘက်ဆိုင်ရာ သိပ္ပံပညာရပ်များ ပေါင်းစပ်ပြီး အဏုမြူ ဓာတု၊ ဇီဝလက်နက်များ ထုတ်လုပ်လာကြကြောင်း၊ ယင်းလက်နက်မျိုးနှင့် တိုက်ခိုက်မှုများ၏ အကျိုးသက်ရောက်မှု အန္တရာယ်ကို သိရှိပြီး ကာကွယ်နိုင်မည့် နည်းလမ်းများကို ကြိုတင်ရှာဖွေဖော်ထုတ် သုတေသနလုပ်ထားကြရမည် ဖြစ်ကြောင်း၊ ထိုမှသာ အန္တရာယ်ကြုံလာလျှင် မိမိတပ်ဖွဲ့ဝင်များကို ထိထိရောက်ရောက် ကာကွယ်ပေးနိုင်မည်ဖြစ်ကြောင်း၊ ဆေးပညာစွမ်းအားဖြင့် ခေတ်သစ်စစ်ပွဲများကို ရင်ဆိုင်နိုင်အောင် အသင့်ပြင်ဆင်ထားကြရမည် ဖြစ်ကြောင်း။

တပ်မတော်သားဘဝကို ခံယူရရှိလာကြပြီဖြစ်သည့် ရဲဘော်တို့သည် တပ်မတော်သားကောင်း စိတ်ဓာတ်လည်း ရှိရမည် ဖြစ်ကြောင်း၊ တပ်မတော်သားတစ်ဦးအဖို့ စစ်စည်းကမ်းသည် ကျောရိုးမဏ္ဍိုင်ဖြစ်ကြောင်း၊ တာဝန်ကျေပွန်စွာ ထမ်းဆောင်နိုင်ရန် အမိန့်နာခံတတ်သူများ ဖြစ်ကြရမည်ဖြစ်ကြောင်း၊ တပ်မတော်သားကောင်းတစ်ယောက်ဖြစ်ရန်အတွက် ရဲဘော်တို့သည် အကျင့်စာရိတ္တနှင့် ကိုယ်ကျင့်တရားကောင်းရမည်ဖြစ်ကြောင်း၊ မေတ္တာတရား၊ ကရုဏာတရားနှင့် ကိုယ်ချင်းစာတရားကို အမြဲလက်ကိုင်ထားရမည်ဖြစ်ကြောင်း၊ ကျင့်ဝတ်သီလဖြစ်သည့် အပါး(၆၀)သော စစ်သည်တော်ကျင့်ဝတ်ကို ခါးဝတ်ပုဆိုးပမာ မြဲမြံစွာ စောင့်ထိန်းကြရန်လိုကြောင်း၊ စစ်ဘက်၊ နယ်ဘက်ဥပဒေ စည်းမျဉ်းများကို တိကျစွာလိုက်နာရမည် ဖြစ်ကြောင်း၊ ထို့အပြင် ရဲဘော်တို့သည် ဆရာဝန်အရာရှိများ ဖြစ်ကြသည့်အတွက် ဆေးဘက်ဆိုင်ရာ ကျင့်ဝတ်သိက္ခာများကိုပါ စောင့်ထိန်းကြရမည် ဖြစ်ကြောင်း။

တိုင်းရင်းသားလူမျိုး တစ်ရာကျော်နေထိုင်သည့် မိမိတို့နိုင်ငံ၏ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးအတွက် အဓိကလိုအပ်ချက်မှာ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပင် ဖြစ်ကြောင်း၊ ယခုအခါတွင် နိုင်ငံတော်၏ ဦးဆောင်မှုဖြင့် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးများ အရှိန်အဟုန်ဖြင့် ဆောင်ရွက်နေရာတွင် ရဲဘော်တို့သည် ကျရာကဏ္ဍမှ အင်တိုက်အားတိုက် စေတနာအပြည့်ထားပြီး ပူးပေါင်းဆောင်ရွက်ကြရမည် ဖြစ်ကြောင်း၊ နိုင်ငံသားအားလုံးသည် ပြည်ထောင်စုကြီး တည်တံ့ခိုင်မြဲအောင် လက်တွဲဆောင်ရွက်လိုသော မျိုးချစ်စိတ်ရှိရမည်ဖြစ်ကြောင်း၊ ထိုသို့ စစ်မှန်သော မျိုးချစ်စိတ်ဓာတ်၊ တစ်နည်းအားဖြင့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်လာအောင် ရဲဘော်တို့သည် တိုင်းရင်းသားညီအစ်ကိုများ၏ ကျန်းမာရေး ကာကွယ်စောင့်ရှောက်မှုလုပ်ငန်းများတွင် ပါဝင်ကူညီရင်း စည်းရုံးဆောင်ရွက်ကြရမည် ဖြစ်ကြောင်း၊ ထို့အပြင် ရဲဘော်တို့သည် တာဝန်ကျရာ အရပ်ဒေသမှ တိုင်းရင်းသားညီအစ်ကိုများ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများကို တစ်တပ်တစ်အား ပါဝင်ကူညီဆောင်ရွက်ပြီး ကျစ်လျစ်ခိုင်မာသော စည်းလုံးညီညွတ်မှုရအောင် တည်ဆောက်ကြရမည်ဖြစ်ကြောင်း၊ ယင်းမှာ အမျိုးသားနိုင်ငံရေးတာဝန်များပင် ဖြစ်ကြောင်း၊ ဆေးဝန်ထမ်းတပ်ဖွဲ့သည် ၂၀၀၈ ခုနှစ်တွင် ဖြစ်ပွားခဲ့သော ပြင်းထန်သည့် နာဂစ်မုန်တိုင်း၊ ၂၀၁၀ ခုနှစ်တွင် ဖြစ်ပွားခဲ့သော ဂီရိမုန်တိုင်း ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ဆေးကုသပြုစုစောင့်ရှောက်မှုဖြင့် တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်ခဲ့ကြကြောင်း၊ ယခုနှစ်တွင်လည်း ပခုက္ကူရေဘေး ပြန်လည်တည်ဆောက်ရေးလုပ်ငန်းတွင် ဆေးဘက်ဆိုင်ရာ ပြုစုစောင့်ရှောက်မှုကို အားတက်သရော ပါဝင်လုပ်ဆောင်ခဲ့ကြကြောင်း၊ ထိုကဲ့သို့ ရဲဘော်တို့သည် ရောက်ရာဒေသအသီးသီးတွင် ဒေသခံပြည်သူများ၏ ကျန်းမာရေး ကာကွယ်စောင့်ရှောက်မှုလုပ်ငန်းကို အားတက်သရောလုပ်ဆောင်ပြီး ပြည်သူ့အကျိုးကို ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

ယနေ့အချိန်အခါတွင် မိမိတို့နိုင်ငံသည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြဋ္ဌာန်းထားသော **နိုင်ငံတော်အား ပြည်တွင်း၊ ပြည်ပ အန္တရာယ်များမှ ကာကွယ်ရေးအတွက် တပ်မတော်က ဦးဆောင်ရမည်ဆိုသည့်အတိုင်း** မိမိတို့တပ်မတော်သည် နိုင်ငံတော် ကာကွယ်ရေးတာဝန်ကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ကြရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်နိုင်ရန် နိုင်ငံတော်ကို ကာကွယ်နိုင်စွမ်းရှိသည့် ကျစ်လျစ်သိပ်သည်းသော စွမ်းရည်ထက်မြက်သည့် တပ်မတော်ကို တည်ဆောက်ကြရမည် ဖြစ်ကြောင်း၊ ရဲဘော်တို့သည် စစ်ပညာနှင့် ဆေးပညာကို အစဉ်တစ်စိုက် ယှဉ်တွဲလေ့လာကြပြီး ခေတ်သစ်စစ်ပွဲများကို ရင်ဆိုင်နိုင်အောင် တီထွင်ကြံဆလုပ်ဆောင်ကြရင်း တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့ကို စွမ်းရည်ထက်မြက် အရည်အသွေးတောက်ပြောင်အောင် တည်ဆောက်သွားကြရန် မှာကြားလိုကြောင်း။

**နိဂုံးချုပ်အနေဖြင့်**

- ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်နိုင်သော နိုင်ငံတော်နှင့် တပ်မတော်က အားထားရမည့် လက်ရုံးရည် နှလုံးရည်နှင့် ပြည့်စုံသော ဆေးပညာရှင်များဖြစ်အောင် ကြိုးစားကြပါ။
- ကျန်းမာရေးအသိပညာပေးရေးနှင့် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို အလေးထားလုပ်ဆောင်ပြီး ကျန်းမာကြံ့ခိုင်သည့် တပ်မတော်ဖြစ်အောင် တည်ဆောက်ကြပါ။
- တိုးတက်နေသော ခေတ်မီဆေးပညာရပ်များကို မျက်ခြည်မပြတ် လေ့လာဆည်းပူးပြီး သက်ဆိုင်ရာကဏ္ဍအလိုက် ကျွမ်းကျင်သည့် ခေတ်မီဆေးပညာရှင်များဖြစ်အောင် ကြိုးစားကြပါ။
- ခေတ်သစ်စစ်ပွဲများကို စစ်ပညာနှင့် ဆေးပညာရှုထောင့်က အမြဲမပြတ် လေ့လာပြီး နိုင်ငံတော် ကာကွယ်ရေးအတွက် အသင့်ဖြစ်အောင် ဆောင်ရွက်ကြပါ။
- ရောက်ရာဒေသများတွင် တိုင်းရင်းသား ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှုနှင့် ကျန်းမာရေးအသိပညာပေးရေးလုပ်ငန်းများကို ဆောင်ရွက်ပြီး တိုင်းရင်းသား စည်းလုံးညီညွတ်မှုကို တည်ဆောက်ကြပါ။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင် တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၃)မှ လေ့ကျင့်ရေးထူးချွန်ဆုရရှိသူ ဗိုလ်လောင်း ဇင်မောင်ထွေးအား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

- မိမိတာဝန်ကျရာတပ်ဖွဲ့များကို တာဝန်ကျေပွန်ပြီး ရိုးသားကြိုးစားသော တပ်မတော်အရာရှိကောင်းတစ်ဦး၊ ထူးချွန်ထက်မြက်သော ဆေးသိပ္ပံပညာရှင်ကောင်းတစ်ဦးအဖြစ် ညီငယ်ဗိုလ်လောင်းများက အားကျအတုယူရပြီး အမိတပ်မတော် ဆေးတက္ကသိုလ်၏ ဂုဏ်ကိုဆောင်နိုင်သည့် **"သမားဇာနည် အောင်စစ်သည်"** များဖြစ်အောင် ကြိုးပမ်းကြပါဟု မှာကြားရင်း နိဂုံးချုပ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်သည် ဗိုလ်လောင်းတပ်ခွဲများ၏ အလေးပြုခြင်းကို ခံယူပြီးနောက် စစ်ရေးပြအခမ်းအနားမှ ပြန်လည်ထွက်ခွာသွားသည်။

စစ်ရေးပြ အခမ်းအနားအပြီးတွင် တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး မင်းအောင်လှိုင်သည် တပ်မတော်ဆေးတက္ကသိုလ် ပင်မစာသင်ဆောင်ရှိ ဧည့်ခန်းမဆောင်၌ တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၃)မှ ထူးချွန်ဆုရရှိကြသည့် ဗိုလ်လောင်းသုံးဦးနှင့် ယင်းတို့၏ မိဘများအား တွေ့ဆုံ၍ ဂုဏ်ပြုချီးမြှင့်စကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## မကွေးရာမြို့နယ်၌ ဈေးသည်များအား ငွေထုတ်ချေး

**မကွေးရာ ဒီဇင်ဘာ ၂၃**

မြို့နယ်အတွင်း ဆင်းရဲမှုလျှော့ချရေး လှုပ်ရှားမှုအဖြစ် မကွေးရာမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ အမှုဆောင်အရာရှိ (လက်ထောက်ညွှန်ကြားရေးမှူး) ဦးမြင့်အောင်နှင့် ဈေးကော်မတီအဖွဲ့တို့က ဒီဇင်ဘာ ၁ ရက်တွင် မြို့မဈေးအတွင်းရှိ ဈေးသည်များအား အတိုးနှုန်းသက်သာစွာဖြင့် ငွေထုတ်ချေးခဲ့ကြောင်း သိရသည်။

(ကြေးမုံ)

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ

## တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၃) သင်တန်းဆင်းဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်

**နေပြည်တော် ဒီဇင်ဘာ ၂၃**

တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၃) သင်တန်းဆင်းဂုဏ်ပြုညစာစားပွဲ အခမ်းအနားကို ယနေ့ ညနေ ၆ နာရီတွင် ရန်ကုန်မြို့ တပ်မတော်ဆေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမဆောင်ကြီး၏ စုဝေးခန်းမ၌ ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ တက်ရောက်ချီးမြှင့်ကြသည်။

အဆိုပါ သင်တန်းဆင်းဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးညဏ်ထွန်းနှင့်ဇနီး ဒေါ်ခင်အေးမြင့်၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်းနှင့် ဇနီး ဒေါ်ထွေးထွေးညွန့်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ အနောက်တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ တပ်မတော်ဆေးတက္ကသိုလ်ကျောင်းအုပ်ကြီးနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ သင်တန်းဆင်းအရာရှိများ၏ မိဘဆွေမျိုးများ တက်ရောက်ကြသည်။

ရှေးဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်သည် သင်တန်းဆင်းအရာရှိများအား တစ်ဦးချင်း ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ထို့နောက် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များသည် သင်တန်းဆင်းအရာရှိများ၊ မိဘဆွေမျိုးများနှင့်အတူ ညစာသုံးဆောင်ကြသည်။

သင်တန်းဆင်း ဂုဏ်ပြုညစာစားပွဲအပြီးတွင် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များသည် ဘွဲ့နှင်းသဘင်ခန်းမဆောင်၌ မြဝတီတေးဂီတနှင့်အငြိမ့်အဖွဲ့တို့၏ ဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



### တက်ရောက်ချီးမြှင့်

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင် တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၃) သင်တန်းဆင်းဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်စဉ်။

(သတင်းစဉ်)




# မုဒုံ၊ ကျိုက်ထိုနှင့် ဘီးလင်းမြို့နယ်တို့အတွင်း ဒေသဖွံ့ဖြိုးရေး မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဒီဇင်ဘာ ၂၃

**မွန်ပြည်နယ်ဝန်ကြီးချုပ်ဦးအုန်းမြင့်သည် ဒီဇင်ဘာ ၁၉ ရက် နံနက်ပိုင်းတွင် မုဒုံမြို့အခြေခံအိမ်တွင်းမှု သက်မွေးပညာသင်တန်းကျောင်း၏ အခြေခံအိမ်တွင်းမှုလုပ်ငန်း အမှတ်စဉ်(၂၁)နှင့် အဆင့်မြင့်စက်ချုပ်သင်တန်း အမှတ်စဉ်(၁၈)သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက် အဖွင့်အမှာစကားပြောကြားပြီး Auto ပန်း ၂၁ ပေါက်ပါ မော်တာအပ်ချုပ်စက်တစ်စုံကို ပေးအပ်လှူဒါန်းသည်။**

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်သည် ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်သို့ ရောက်ရှိပြီး စေတီတော်ဘက်စုံပြုပြင်မွမ်းမံနေမှု၊ မှန်လုံရဟန္တာသိမ်တော် ဆောက်လုပ်ပြီးစီးမှု၊ မုဆိုးတောင်ဘုရား ထီးတော်သစ်တင်လှူနိုင်ရေး ပြင်ဆင်ဆောင်ရွက်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေး၍ ဆီမီး ၉၀၀၀ မွှာရုံ၌ တည်းခိုနေထိုင်သည့် ဘုရားဖူးပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

ယင်းနောက် ပြည်သူများ စိတ်အေးချမ်းသာစွာ ဘုရားဖူးနိုင်ရေးအတွက် တည်းခိုရေးကို အခမဲ့ စီစဉ်ဆောင်ရွက်ရေးနှင့် ရင်ပြင်တော်သန့်ရှင်းရေး စနစ်တကျ ဆောင်ရွက်ရေးမှာကြားပြီး သီဟဆောင်၌ ဂေါပကအဖွဲ့ဝင်များနှင့် တွေ့ဆုံသည်။

ထိုမှတစ်ဆင့် ပြည်နယ်ဝန်ကြီးချုပ်သည် ဘီးလင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ရောက်ရှိပြီး သထုံခရိုင်အုပ်ချုပ်ရေးမှူးနှင့် ဘီးလင်းမြို့နယ်အုပ်ချုပ်ရေးမှူးတို့အား စိုက်ပျိုးရေး၊မွေးမြူရေးလုပ်ငန်းများကို တိုးတက်ဆောင်ရွက်ရေး၊ ယင်းသို့ဆောင်ရွက်ရာတွင် စာရင်းဇယားမှန်ကန်ရေးအတွက် အဆင့်ဆင့်စနစ်တကျ ဆောင်ရွက်သွားရေးနှင့် အောက်ခြေအထိ ကွင်းဆင်း ဆောင်ရွက်သွားကြရေး မှာကြားသည်။

ယင်းနောက် ကွန်ပျူတာတက္ကသိုလ်(သထုံ)သို့ရောက်ရှိပြီး ကျောင်းအုပ်ကြီးနှင့်ဆရာ၊ ဆရာမများအား တွေ့ဆုံ၍ ကျောင်းသား၊ ကျောင်းသူများ၏ စာပေသင်ကြား သင်ယူနေမှုများကို ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ဗီယက်နမ်ရင်းနှီးမြှုပ်နှံမှုဘဏ်ကိုယ်စားလှယ်ရုံး စာသင်ခုံနှင့် စားပွဲများလှူဒါန်း

**ရန်ကုန် ဒီဇင်ဘာ ၂၃**

မြန်မာနိုင်ငံရှိ ဗီယက်နမ်ရင်းနှီးမြှုပ်နှံမှုဘဏ်ကိုယ်စားလှယ်ရုံး (BIDV) က ရန်ကုန်မြို့ ကမာရွတ်မြို့နယ် အမှတ်(၈) အခြေခံပညာ မူလတန်းကျောင်းသို့ စာသင်ခုံနှင့်စားပွဲများ လှူဒါန်းပွဲကို ယနေ့နံနက်ပိုင်းတွင် အဆိုပါကျောင်းခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံရုံးမှ Col: Nguyen Van Vui (Chief of Vietnam Defence Attache office) က အမှာစကားပြော ကြားသည်။ ထို့နောက် BIDV မှ Vuong Thanh Long (Chief of BIDV Representative Office)က လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းပြောကြားသည်။ ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံသံရုံးမှ First Scretary Tran Van Hoang, BIDV မှ Vuong Thanh Long နှင့် အမက(၈)ကမာရွတ်မှ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မေဖုန်းတို့က အမေရိကန်ဒေါ်လာ ၅၅၀၀ တန်ဖိုးရှိ စာသင်ခုံနှင့်စားပွဲ အစုံ ၅၀ ပေးအပ်လှူဒါန်းခြင်းနှင့် လက်ခံရရှိကြောင်း လက်မှတ်ရေးထိုးပြီး ကျေးဇူးတင်ဂုဏ်ပြုမှတ်တမ်းလွှာကို ကျောင်းအုပ်ဆရာမကြီးက ပြန်လည်ပေးအပ်သည်။**(အပေါ်ပုံ)** (သတင်းစဉ်)

# မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်းအသင်း ဈေးကွက်အရန်ဆန်ဝယ်ယူမည်

**ရန်ကုန် ဒီဇင်ဘာ ၂၃**

မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်းအသင်း၏ ဈေးကွက်အရန်ဆန်ဝယ်ယူရေးကော်မတီက အရန်ဆန်တန်ချိန် ၁၀၀၀ ကို တင်ဒါစနစ်ဖြင့် နိုင်ငံသားနှင့် ကုမ္ပဏီများထံမှ ဝယ်ယူမည်ဖြစ်ကြောင်း သိရသည်။ ပြည်ပအဆင့် ဧည့်မထ ၂၅ ရာခိုင်နှုန်း အရည်အသွေးအဆင့်မီ ဆန်ဖြစ်ရမည်ဖြစ်ပြီး အရည်အသွေးကို နိုင်ငံတကာအသိအမှတ်ပြု ဆန်စစ်ဆေးရေး အဖွဲ့အစည်းတစ်ခုဖြင့် လက်ခံမည်ဖြစ်သည်။ တင်သွင်းမည့် ဆန်အသားချိန် 50 Kg ထည့်သွင်း၍ အိတ်ခွံကို အနည်းဆုံး 100 gm pp အိတ်သစ်အဖြူဖြင့် ပေးသွင်းရမည်ဖြစ်သည်။ တင်ဒါဈေးနှုန်း ပေးသွင်းရာတွင် မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်းအသင်း၏ ရန်ကုန်မြို့ရှိ သိုလှောင်ရုံ အရောက် ဈေးနှုန်း (ကျပ်ငွေ) ဖြင့် တင်သွင်းရမည်ဖြစ်သည်။

ဆန်တင်ဒါပေးသွင်းသူများအနေဖြင့် စပေါ်ငွေ (Temder Security) အဖြစ် ကျပ်ငွေ ၁၀၀၀၀၀၀ ကို မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်းအသင်း၏ ငွေစာရင်း မြန်မာနိုင်ငံသားများဘဏ် Account No-M-1220 သို့ ကြိုတင်ပေးသွင်းရမည်ဖြစ်ကာ ငွေသွင်းချလန်ကို တင်ဒါနှင့်အတူ တင်ပြရမည်ဖြစ်သည်။ တင်ဒါမအောင်မြင်ပါကသုံးရက်အတွင်း ငွေပြန်လည်ထုတ်ပေးမည်ဖြစ်သည်။

တင်ဒါအောင်မြင်သူသည် ငါးရက်အတွင်း ပစ္စည်းတန်ဖိုး၏ ငါး ရာခိုင်နှုန်းကို လုပ်ငန်းအာမခံကြေး (Performance Guarantee) အဖြစ် ပေးသွင်းပြီး ဈေးကွက်အရန် ဆန်ဝယ်ယူရေးကော်မတီနှင့် စာချုပ်ချုပ်ဆိုရမည်။ ပေးသွင်းရမည့်ဆန်ကို စာချုပ်ချုပ်ဆိုအပြီး ၁၅ ရက်အတွင်း အပြီးပေးသွင်းရမည်။ အနည်းဆုံး ဆန်တန်ချိန် ၁၀၀ ပေးသွင်းပြီးတိုင်း ကုန်လက်ခံပြေစာနှင့်အတူ မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်းအသင်းသို့ ငွေတင်ပြတောင်းခံနိုင်သည်။

တင်ဒါပုံစံကို ဒီဇင်ဘာ ၂၆ ရက်မှစတင်၍ ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်း အမှတ် (၂၉) ရှိ မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်းအသင်းရုံး ဖုန်း-၂၁၈၂၆၆ နှင့် ၂၁၈၂၆၇ တို့သို့ ဆက်သွယ်ဝယ်ယူနိုင်ပြီး ဒီဇင်ဘာ ၃၁ ရက် နောက်ဆုံးထား၍ ချိပ်ပိတ်တင်ဒါကို ပေးသွင်းရမည်ဖြစ်သည်။

(အောင်အောင်-သတင်းစဉ်)

# ကရင်ပြည်နယ်၌ ပုံကျဈေးသည်များအား ငွေများထုတ်ချေး

**နေပြည်တော် ဒီဇင်ဘာ ၂၃**

နယ်စပ်ရေးရာဝန်ကြီးဌာန၊ စည်ပင်သာယာရေး ဦးစီးဌာနနှင့် စည်ပင်သာယာရေးဘဏ်လီမိတက်တို့၏ ချိတ်ဆက်စီမံမှုဖြင့် စည်ပင်သာယာရေးဦးစီးဌာန ကွပ်ကဲမှုအောက်ရှိ မြို့နယ်စည်ပင်သာယာရေးအဖွဲ့များမှ အသေးစားငွေကြေးဝန်ဆောင်မှုအဖွဲ့ ဖွဲ့စည်းလျက် ဆင်းရဲနွမ်းပါးသူ ပုံကျဈေးသည်များအား ချေးငွေများထုတ်ချေးပေးလျက်ရှိရာ ကရင်ပြည်နယ် ဘားအံမြို့ မြို့မဈေးအတွင်းရှိ ပုံကျဈေးသည် ၁၀ ဦးအတွက် ချေးငွေကျပ်သိန်း ၂၀၊ လှိုင်းဘွဲ့မြို့ မြို့မဈေးအတွင်းရှိ ပုံကျဈေးသည် ၄၅ ဦးအတွက် ချေးငွေကျပ်သိန်း ၇၀၊ မြဝတီမြို့ ဘုရင့်နောင်ဈေးအတွင်းရှိ ပုံကျဈေးသည် ၂၀ ဦးအတွက် ချေးငွေကျပ် ၁၀ သိန်း၊ ကြာအင်းဆိပ်ကြီးမြို့ ဇမိရတနာဈေးအတွင်းရှိ ပုံကျဈေးသည် ၅၃ ဦးအတွက် ချေးငွေကျပ်သိန်း ၇၀၊ ကော့ကရိတ်မြို့ မြို့မဈေးအတွင်းရှိ ပုံကျဈေးသည် ၄၆ ဦးအတွက် ချေးငွေကျပ် ၄၆ သိန်း၊ ကော့ကရိတ်မြို့ သီးသန့်ဈေးအတွင်းရှိ ပုံကျဈေးသည် ၁၀ ဦးအတွက် ချေးငွေကျပ် ၂၈ သိန်းတို့ကို သက်ဆိုင်ရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိများ၊ အသေးစားငွေချေးဝန်ဆောင်မှုအဖွဲ့တို့က စုစုပေါင်း ပုံကျဈေးသည် ၁၈၄ ဦးအတွက် ချေးငွေကျပ် ၂၄၄ သိန်းကို ထုတ်ပေးခဲ့ပြီးဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ပညာ့အလင်းစာကြည့်တိုက် လားရှိုးမြို့နယ်၌ဖွင့်

**နေပြည်တော် ဒီဇင်ဘာ ၂၃**

ရှမ်းပြည်နယ် လားရှိုးခရိုင် လားရှိုးမြို့နယ် ဆုံကွယ်ကျေးရွာအုပ်စု ဆုံကွယ်ကျေးရွာ ပညာ့အလင်းစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၁၆ ရက် မွန်းလွဲ ၂ နာရီတွင် စာကြည့်တိုက်အဆောက်အအုံသစ်ရှေ့၌ ကျင်းပရာ ရှမ်းပြည်နယ် (တွဲဖက်ပြည်နယ်ရုံး) လားရှိုးမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မြင့်မြင့်ခိုင်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးကျော်သိန်းတို့က စာကြည့်တိုက်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက မဂ္ဂဇင်း၊ ဂျာနယ်မျိုးစုံ ၁၀၀၊ ကျေးရွာအမျိုးသမီးရေးရာနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့က သုတ၊ ရသ၊ စာအုပ်စာစောင် ၈၀ တို့ကို ပေးအပ်လှူဒါန်းရာ ပညာ့အလင်းစာကြည့်တိုက် ဥက္ကဋ္ဌက လက်ခံသည်။

အဆိုပါ စာကြည့်တိုက်ကို နိုင်ငံတော်မတည်ငွေ၊ ယူအီးကျား ခေါင်းကျောက်မီးသွေးမိုင်းက ငွေကျပ်လေးသိန်းတန်ဖိုးရှိ ကျောက်ကြမ်းများနှင့် ကျေးရွာပြည်သူအလှူရှင်များက လှူဒါန်းငွေကျပ် ၁၄ သိန်းကျော်ဖြင့် တည်ဆောက်ခဲ့ပြီး အဆောက်အအုံမှာ အလျား ၃၄ ပေနှင့် အနံ ၁၆ ပေရှိ အုတ်ညှပ်၊သွပ်မိုး၊သမံတလင်းခင်းနှင့် တစ်ထပ်အဆောက် အအုံဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

**အလိုမှာ စာမှာရှိ**

**❊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်မှ**

လွတ်လပ်ရေးနေ့အထိမ်းအမှတ် သဝဏ်လွှာဖတ်ကြားခြင်းနှင့် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲများကျင်းပခြင်းများကို နိုင်ငံတစ်ဝန်းစည်ကားသိုက်မြိုက်စွာကျင်းပသွားမည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ ဆပ်ကော်မတီအလိုက် ဆောင်ရွက်ပြီးစီးမှုများကို ဆွေးနွေးတင်ပြသွားကြရန်ဖြစ်ကြောင်းဖြင့်ပြောကြားသည်။

ထို့နောက် (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင် အခမ်းအနားနှင့် နိုင်ငံတော်အလံ အလေးပြုပွဲအခမ်းအနားကျင်းပရေးဆပ်ကော်မတီ၊ ဧည့်ခံပွဲနှင့် ညစာစားပွဲကျင်းပရေးဆပ်ကော်မတီ၊ လုံခြုံရေးဆပ်ကော်မတီ၊ ပြန်ကြားရေး ဆပ်ကော်မတီ၊ ကျန်းမာရေးဆပ်ကော်မတီနှင့် အားကစားပြိုင်ပွဲများကျင်းပရေး ဆပ်ကော်မတီတို့မှ တာဝန်ရှိသူများက ဆပ်ကော်မတီအလိုက် ကြိုတင်ပြင်ဆင်စီမံဆောင်ရွက်ထားရှိမှုတို့နှင့်စပ်လျဉ်း၍ ကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ ကျင်းပရေးနှင့်စပ်လျဉ်း၍ တက်ရောက်လာကြသူများက အထွေထွေကိစ္စရပ်များကို ညှိနှိုင်းဆွေးနွေးတင်ပြကြသည်။

ဆွေးနွေးတင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယသမ္မတက လိုအပ်သည်များကို ညှိနှိုင်းပေါင်းစပ်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားရာတွင် (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားကျင်းပရေးအတွက် ဆပ်ကော်မတီအသီးသီး၏ ကြိုတင်ပြင်ဆင်ဆောင်ရွက်မှုလုပ်ငန်းတာဝန်များမှာ ပြီးပြည့်စုံလောက်နီးနီး ရှိပြီဖြစ်ကြောင်း၊ လိုအပ်သည့်အခြားဆောင်ရွက်ဖွယ်ရာ လုပ်ငန်းတာဝန်များကို ပြီးပြည့်စုံသည်ထက် ပြည့်စုံအောင် ဆပ်ကော်မတီအလိုက် ညှိနှိုင်းဆွေးနွေးဆောင်ရွက်သွားကြရန်ဖြစ်ကြောင်းဖြင့်ပြောကြားပြီး ညှိနှိုင်းအစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရသစ်လက်ထက်တွင် ပထမဦးဆုံးကျင်းပမည့် ၂၀၁၂ ခုနှစ် (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားကို အမျိုးသားရေး ဦးတည်ချက်(၄)ရပ်နှင့်အညီ ထူးခြားလေးနက်စွာ နိုင်ငံတစ်ဝန်းလုံး၌ စည်ကားသိုက်မြိုက်စွာကျင်းပသွားမည်ဖြစ်သည်။

အလားတူ လွတ်လပ်ရေးနေ့အထိမ်းအမှတ်ပျော်ပွဲရွှင်ပွဲများ၊ အားကစားပြိုင်ပွဲများကိုလည်း ဝန်ကြီးဌာနများအလိုက်၊ နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ခရိုင်၊ မြို့နယ်နှင့် ရပ်ကွက်ကျေးရွာများအလိုက် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

# ဗုဒ္ဓမြတ်စွယ်တော်အား ရည်စူးလှူဒါန်းထားသော အလှူငွေနှင့် လက်ဝတ်ရတနာများ တရုတ်ပြည်သူ့သမ္မတနိုင်ငံ စွယ်တော်တိုက်ဆရာတော်ထံသို့ လွှဲပြောင်းပေးအပ်

နေပြည်တော် ဒီဇင်ဘာ ၂၃

**တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဗုဒ္ဓမြတ်စွယ်တော်အား ရည်စူးလှူဒါန်းထားသော အလှူငွေနှင့် လက်ဝတ်ရတနာများ တရုတ်ပြည်သူ့သမ္မတနိုင်ငံ စွယ်တော်တိုက်ဆရာတော် Chang Zang တရုတ်ပြည်သူ့သမ္မတနိုင်ငံ သာသနာရေးဗျူရိုသို့ လွှဲပြောင်းပေးအပ်ခြင်းအခမ်းအနားကို ယနေ့ မွန်းလွဲ ၂ နာရီတွင် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (မန္တလေး) မဟာဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။**(အောက်ပုံ)

အခမ်းအနားတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဗုဒ္ဓမြတ်စွယ်တော်ပင့်ဆောင်ရေး ဦးစီးကော်မတီဥက္ကဋ္ဌ သာသနာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင်က လှူဒါန်းရခြင်း အကြောင်းရင်းအား လျှောက်ထားတင်ပြသည်။

ထို့နောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ စွယ်တော်တိုက် ဆရာတော် Chang Zang နှင့် သာသနာရေးဝန်ကြီးဌာန သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခိုင်အောင်တို့က ဗုဒ္ဓမြတ်စွယ်တော်အတွက် ရည်စူးလှူဒါန်းထားသော အလှူငွေနှင့် လက်ဝတ်ရတနာများ လွှဲပြောင်းခြင်းဆိုင်ရာ စာရင်းမှတ်တမ်းများကို လက်မှတ်ရေးထိုး၍ လွှဲပြောင်းပေးအပ်ကြသည်။

ယင်းနောက် မန္တလေးတိုင်းဒေသကြီး သစ်တောနှင့် သတ္တုဝန်ကြီးဌာနဝန်ကြီး ဦးသန်းစိုးမြင့်က ဗုဒ္ဓမြတ်စွယ်တော် ပူဇော်ခံမှတ်တမ်းဓာတ်ပုံ Album များနှင့် မှတ်တမ်း VCD ခွေများကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ စွယ်တော်တိုက် ဆရာတော် Chang Zang ထံ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံကိုယ်စား တရုတ်ပြည်သူ့သမ္မတနိုင်ငံ သာသနာရေးဗျူရို ဒုတိယဝန်ကြီး Mr. Jiang Jian Yang က ကျေးဇူးတင်စကားပြန်လည်ပြောကြားပြီး အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို၍ ရုပ်သိမ်းလိုက်သည်။

အဆိုပါ အခမ်းအနားတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ စွယ်တော်တိုက် ဆရာတော်သို့ လွှဲပြောင်းပေးအပ်သည့် ကျောက် ဘုရားဆင်းတုတော်၊ ကျောက်စက်ပန်းချီပုံ၊ ရတနာပန်းပင်၊ ရတနာပန်းအိုး၊ သလင်းစိန်ဖူးတော်နှင့် အခြားဘုရားပုံတော်များ အပါအဝင် ကုန်ကျစရိတ်နှင့် ကျောက်စိမ်းဆင်းတုတော် ထုလုပ်မှုကုန်ကျစရိတ်ငွေများအား လွှဲပြောင်းပေးအပ်လှူဒါန်းခဲ့သည်။



ယနေ့ လွှဲပြောင်းလှူဒါန်းမှုအစုစုမှာ လှူဒါန်းမှုအစုစုမှာ အမေရိကန်ဒေါ်လာ ၃၉ သိန်းနှစ်သောင်း နှစ်ထောင် နှစ်ရာ ၄၄ နှင့် နိုင်ငံတကာသုံးငွေကြေး ၆၂ မျိုး၊ ခန့်မှန်း တန်ဖိုးငွေကျပ် ၉၅၈၂၆၁၆၂၀ တန်ဖိုးရှိ ရွှေထည်၊ စိန်ထည်၊ ပတ္တမြားထည်နှင့် အဖိုးတန်ရတနာများ၊ ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၆၉၅၉၂၉၈၀ တန်ဖိုးရှိ မိုးကုတ် ရောင်စုံကျောက်ထည်ပစ္စည်းနှင့် ရောင်စုံကျောက်အလွတ်များ၊ ရွှေထည်၊ စိန်ထည်၊ ပုလဲထည်နှင့် အဖိုးတန်ကျောက်မျက်ရတနာများ၊ ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၅၀၀၀၀ တန်ဖိုးရှိ စကျင်မန္တလေးမြို့ အဲဗားဝင်းနား ကျောက်စိမ်းကုမ္ပဏီက လှူဒါန်းသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဗုဒ္ဓစွယ်တော်ကျောင်းတိုက်အတွင်း ဗုဒ္ဓရုပ်ပွားဆင်းတုတော် ထုလုပ်ပူဇော်ရန် တန်ဖိုးငွေ ယူရို ၃ သန်း၊ အလေးချိန် ၈၄၅ ကီလိုရှိ ကျောက်စိမ်းအထည် ကျောက်ရိုင်း (ပဲစိမ်းသား) တစ်တုံး၊ ကျောက်စိမ်းပလ္လင်တော် ထုလုပ်ပူဇော်ရန် တန်ဖိုးငွေ ယူရို နှစ်သိန်း၊ အလေးချိန်ကီလို ၂၇၀၀ ရှိ ကျောက်စိမ်းတစ်တုံး၊ ကျောက်စိမ်းဆင်းတုတော်ထားရှိမည့် ကျောင်းဆောင်ဆောက်လုပ်မှု တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဗုဒ္ဓမြတ်စွယ်တော် နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးမြို့တို့တွင် ယာယီကိန်းဝပ်စံပယ်အပူဇော်ခံစဉ် ဒီဇင်ဘာ ၂၀ ရက်အထိ မြတ်စွယ်တော်ဖူးလာ ရဟန်းရှင်လူပြည်သူများ၏ လှူဒါန်းမှုတို့ဖြစ်ပြီး ကျန်ရှိလှူဒါန်းငွေနှင့် ရွှေ၊ ငွေ၊ ကျောက်မျက်ရတနာပစ္စည်းများအား ဆက်လက်လွှဲပြောင်း ပေးအပ်လှူဒါန်းသွားမည်ဖြစ်ကြောင်းသတင်းရရှိသည်။

(သတင်းစဉ်)

# (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်များ

- ★ ပြည်ထောင်စုတိုင်းရင်းသားအားလုံး ပြည်ထောင်စုကြီးအတွင်း၌ ဥမကွဲသိုက်မပျက် အတူတကွ ရာသက်ပန် ပူးပေါင်းနေထိုင်ရေး၊
- ★ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို တိုင်းရင်းသားအားလုံး မျက်ခြည်မပြတ် စုစည်းထိန်းသိမ်းကာကွယ်ရေး၊
- ★ ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ်ကို တည်ဆောက်ရာ၌ ပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး၊ ဆင်းရဲမှုနှုန်းလျှော့နည်းကျဆင်းရေး၊ အုပ်ချုပ်မှုမဏ္ဍိုင် ခိုင်မာကောင်းမွန်သန့်ရှင်းရေးတို့အတွက် အားလုံးက မဆုတ်မနစ် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး၊
- ★ မှန်ကန်သောဒီမိုကရေစီကျင့်စဉ်များ ကျယ်ပြန့်စွာထွန်းကားရေး၊ တရားဥပဒေစိုးမိုးမှု ပိုမိုခိုင်မာရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ထာဝရငြိမ်းချမ်းမှုရရှိရေးတို့အတွက် တိုင်းရင်းသားအားလုံးက အသိနှင့်ယှဉ်၍ ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

## ဖူးမဝသော် မြတ်စွယ်တော်

❖ မြတ်စွယ်တော် မြန်းချီကြွ
လျှမ်းကြည်စွ ခက်ဝေ
တစ်ဝှမ်း(ဝန်း) ဒီပ ချက်ပွေဝယ်
ကျက်သရေ တင့်ရွှန်း။

❖ မြန်ဌာန မြတ်မဟီဝယ်
နတ်စည်ငယ် ထပ်ထပ်ဆော်ရွှမ်း။
ပြည်တော်သစ် သာသနာ
ရောင်ဝါရယ် တောက်ထွန်း။

❖ မြတ်ဂုဏ်တော် ဖွဲ့ချီမွန်းလို့
ဖျန်းသွန်းခဲ့ ပူဇာ
ခရီးမြေ ဘယ်လိုခြား
အရောက်သွားလို့ ဖူးကြသည်ခါ။

❖ သရီစစ် မြတ်မဟာကို
ဦးချီကာ ညွတ်တွားလို့
သဒ္ဓါပွား ဆင့်ပါသော်
ထပ်ထပ် ကော်ရော်။

❖ နောင်တွင်လည်း ကြွရန်မျှော်သည်
မြတ်စွယ်တော် ဖူးမဝလေး။ ။

မောင်စိမ်းနောင် (လယ်ဝေး)

**✤ အိပ်ချ်အိုင်ဗွီမှ**

လူနာများနှင့်အတူ လက်တွေ့စမ်းသပ်မှုလုပ်ငန်း၏ အဆင့်-၁ အရ အိပ်ချ်အိုင်ဗွီကာကွယ်ဆေး၏ အာနိသင်ထက်မြက်မှုနှင့် အကျိုးရလဒ်များကို သုတေသနပြုလေ့လာသွားမည်ဖြစ်သည်။

အိပ်ချ်အိုင်ဗွီ ဗိုင်းရပ်စ်ကာကွယ်ဆေးကို လူသားများဖြင့် စမ်းသပ်ရန် အမေရိကန်အစားအစာနှင့် ဆေးဝါးအာဏာပိုင်အဖွဲ့ထံမှ ခွင့်ပြုချက်ရရှိပြီဖြစ်ကြောင်း ကနေဒါသုတေသီများက ပြောကြားကြသည်။

အိပ်ချ်အိုင်ဗွီဗိုင်းရပ်စ် ကာကွယ်ဆေးသည် အနာဂတ်ကာလ၌ ကမ္ဘာ့လူသားသန်းပေါင်းများစွာ၏ အသက်ကို ကယ်တင်ပေးနိုင်မည့် အလားအလာ ရှိနေကြောင်း သုတေသနအဖွဲ့က ပြောကြားသည်။

အဆိုပါ ကာကွယ်ဆေးကို ဈေးကွက်တင်ရောင်းချနိုင်ရန် ငါးနှစ်မျှ အချိန်ယူ ဆောင်ရွက်ရမည်ဖြစ် ကြောင်း ဒေါက်တာချီယောင်ကန်းက ပြောကြားသည်။

အိပ်ချ်အိုင်ဗွီဗိုင်းရပ်စ် ကာကွယ်ဆေးကို SAV001ဟု အမည်ပေးထားပြီး ထိုးဆေးတစ်မျိုးအဖြစ် ထုတ်လုပ်နိုင်သည်။ ယင်းဆေးကို အဆိပ်ပညာ (toxicology) ဆိုင်ရာ စမ်းသပ်မှုအဖြစ် တိရစ္ဆာန်များနှင့် စမ်းသပ်ခဲ့ရာတွင် ဆင့်ပွားဆိုးကျိုးများကို မတွေ့ခဲ့ရကြောင်း သတင်းတွင် ဖော်ပြသည်။

***အင်တာနက်။***

**ဥတုရာသီ တောကိုမှီ၏**

# GSM ဖုန်းများ အင်တာနက် လျှော့ထားခွင့် ပြန်လည်ရပ်ဆိုင်း

ရန်ကုန် ဒီဇင်ဘာ ၂၃

၂၀၁၁ ခုနှစ် ဒီဇင်ဘာ ၅ ရက်မှစ၍ ပြန်လည်လျှော့ထားခွင့်ပြုခဲ့သော GSM ဖုန်း အင်တာနက်စနစ် EDGE Service ကို ၁၅ ရက်အကြာ ဒီဇင်ဘာ ၂၀ ရက်တွင် လျှော့ထားခွင့် ရပ်ဆိုင်းလိုက်ကြောင်း သိရသည်။ အဆိုပါ EDGE Service ကို ယခုနှစ် ဇွန်လတွင် စတင်လျှော့ထားခွင့်ပြုခဲ့ပြီး ၁၀ ရက်အကြာတွင် ရပ်ဆိုင်းခဲ့သည်။

တစ်ဖန် ဒီဇင်ဘာ ၅ ရက်တွင် ပြန်လည်ခွင့်ပြုခဲ့ပြီး ၂၀ ရက်တွင် ထပ်မံရပ်ဆိုင်းခဲ့ခြင်းဖြစ်သည်။ "EDGEစနစ် ပိတ်ထားပါတယ်။ ဘယ်တော့ပြန်ဖွင့်ပေးမလဲဆိုတာ မသိရသေးပါဘူး၊ တနင်္လာနေ့လောက်မှ သေသေချာချာ သိရပါမယ်။ အခု လောလောဆယ် EVDO ရော၊ EDGE ပါ ပိတ်ထားပါတယ်"ဟု တာဝန်ရှိသူတစ်ဦးက ပြောပြသည်။ ကျွမ်းကျင်သူအချို့၏ အဆိုအရ ရေအောက်အင်တာနက်ဆက်ကြောင်းပြတ်တောက်ပြီး အင်တာနက်နှေးကွေးနေခြင်းကြောင့် ရပ်ဆိုင်းထားခြင်း ဖြစ်နိုင်ကြောင်းလည်း သိရသည်။ (ခန့်ဟိန်းသူ-သတင်းအတတ်ပညာ)

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၂၄-၁၂-၂၀၁၁ (စနေနေ့)**

AM & PM

| | |
|---|---|
| ၅း၀၀ | MRTV-4 အဖွင့် Logo ပဉ္စာန်းပါဠိတော်+အင်္ဂုလိမာလသုတ်၊ ဗောဇ္ဈင်္ဂသုတ်၊ ပုဗ္ဗဏှသုတ် |
| ၅း၂၀ | MRTV-4 သတင်း |
| ၅း၅၀ | "စိတ္တဝိသုဒ္ဓိ"တရားတော် (မြောက်ဦးဆရာတော်ဝနဝါသီ အရှင်ဝါယာမိန္ဒ) |
| ၆း၃၀ | ကလောမှာထင်ရှား 'ရွှေဥမင်ဘုရား' |
| ၆း၄၀ | **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "စိတ်၏စေရာ" (အပိုင်း-၆၅)** |
| ၇း၃၀ | MRTV-4 သတင်း |
| ၈း၀၀ | **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပန်းသုံးပွင့်လေညွှန်ရာ" (အပိုင်း-၁၈)** |
| ၈း၄၅ | Show Room (ဟာသဇာတ်လမ်းတွဲ) (အပိုင်း-၁၀) |
| ၈း၅၅ | လှူဒါန်းကုသိုလ်ယူ ရွှေဆည်မြို့မှ မဟာရွှေသိမ်တော်အလှူ |
| ၉း၀၀ | ငါးမွေးမြူသူမှန်သမျှ ထူးသစ်အစာတောင့်သုံးစွဲကြ |
| ၉း၁၅ | Enterprise India Show 2011 မှ Tata Motors |
| ၉း၄၀ | Global Panorama (ကိုကိုလှိုင်၊ မျိုးမြတ်သူ) |
| ၁၀း၂၅ | LACVERT ESSANCE ကုန်ပစ္စည်းသစ်မိတ်ဆက်ပွဲ |
| ၁၀း၅၀ | သွားမယ်စားမယ် |
| ၁၁း၁၀ | Activities In The City |
| ၁၁း၃၀ | ဝက်ခြံနှင့်အသားအရေ ထိန်းသိမ်းခြင်းဆိုင်ရာ ဆွေးနွေးခန်း (မိဘတွေရဲ့ကဏ္ဍ) |
| ၁၁း၄၀ | **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မိုးကျရွှေကိုယ်" (အပိုင်း-၃)** |
| ၁၂း၂၀ | ပန်းချီပြခန်း |
| ၁၂း၄၀ | နွဲ့လို့ပျော် ထားဝယ်ခရိုင်မှ နှစ်ကိုးရှစ်ဆူ ဗုဒ္ဓပူဇနီယပွဲတော် |
| ၁း၀၀ | "စိတ္တဝိသုဒ္ဓိ"တရားတော် (မြောက်ဦးဆရာတော်ဝနဝါသီ အရှင်ဝါယာမိန္ဒ) |
| ၂း၀၀ | MRTV-4 သတင်း |
| ၂း၂၀ | Khd's Show |
| ၃း၀၅ | ကုသိုလ်ကောင်းမှုအခါခါပြု သာဓုခေါ်စေသောဝ်. . . |
| ၃း၂၅ | Cambridge Tutors College London (CTC) (Regent Elite Academy) |
| ၃း၄၀ | **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပန်းသုံးပွင့်လေညွှန်ရာ" (အပိုင်း-၁၈)** |
| ၄း၃၅ | ဂဏန်းသင်္ချာပျော်စရာ |
| ၅း၂၀ | **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မိုးကျရွှေကိုယ်" (အပိုင်း-၄)** |
| ၆း၀၀ | MRTV-4 သတင်း |
| ၆း၁၅ | သွေးသစ္စာ (မင်းသွေး၊ ပုလဲဝင်း၊ ဦးစိုးမြင့်) [ဒါရိုက်တာ-အောင်မိုး (ပဲရစ်)] |
| ၆း၂၅ | ရန်ကုန်မြင်ကွင်းကျယ် |
| ၆း၄၅ | **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "စိတ်၏စေရာ" (အပိုင်း-၆၆)** |
| ၇း၄၅ | ရန်ကုန်မြင်ကွင်းကျယ် |
| ၈း၀၀ | MRTV-4 သတင်း |
| ၈း၃၀ | Movie Talk |
| ၈း၅၀ | Fashion Week |
| ၉း၁၀ | ရန်ကုန်မြင်ကွင်းကျယ် |
| ၉း၃၅ | **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပန်းသုံးပွင့်လေညွှန်ရာ" (အပိုင်း-၁၉)** |
| ၁၀း၂၀ | ပရိမိယာလိဂ်ရင်ခုန်သံ |
| ၁၀း၄၀ | VJ Choice |
| ၁၁း၁၀ | ရာဇဝင်မြစ်ကမ်းပေါ်မှ. . . နားခိုရာ |
| ၁၁း၂၅ | သူတို့ပြောတဲ့သူတို့အကြောင်း |
| ၁၂း၀၀ | ဆည်မြောင်းရဲ့အားမာန်. . . ပြိုင်းချောင်းရေလှောင်တမံ |
| ၁၂း၁၀ | ဟိုတယ်လမ်းညွှန် |
| ၁၂း၄၅ | World of Knowledge |
| ၁း၃၀ | Omega-3 fatty acids |
| ၂း၀၀ | အများမြင်စရာ နှစ်ပါးသဘင်မဟာ |
| ၂း၄၅ | ဆန်းသစ်တီထွင်ဒီဇိုင်းဖက်ရှင် |
| ၃း၀၅ | ကဏ္ဍစုံလင် အားကစားအစီအစဉ် |
| ၄း၀၅ | စိတ်၏ကကြိုး |
| ၄း၄၅ | လက်မှုပညာ၏ ဆန်းသစ်သော ဖန်တီးမှုနှင့်. . . |
| ၅း၀၀ | အစီအစဉ်ပြီး။ |

# ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ထန်းပင်ကုန်းရပ်ကွက်၊ ထန်းပင်ကုန်းလမ်းမကြီး၊ အမှတ်(၆)တွင် ပါတီရုံးချုပ်တည်ရှိသော **မြန်မာ့လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ**က နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၅ အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုရန် ၂၃-၁၂-၂၀၁၁ ရက်နေ့တွင် လျှောက်ထားလာပါသည်။ ယင်းသို့ လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့်တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီအမည်၊ အလံနှင့်တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ (၇) ရက်အတွင်း ခိုင်လုံသောအထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း နည်းဥပဒေများ ၁၄(ဃ) အရ အများသိစေရန် ကြေညာအပ်ပါသည်။

**မြန်မာ့လူ့ဘောင်သစ် ဒီမိုကရက်တစ်ပါတီ၏ အလံပုံစံ**



**မြန်မာ့လူ့ဘောင်သစ် ဒီမိုကရက်တစ်ပါတီ၏ တံဆိပ်ပုံစံ**



**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ အနောက်ရွှေဂုံတိုင်လမ်း၊ အမှတ်(၉၇/ခ) တွင် ပါတီရုံးချုပ်တည်ရှိသော **အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်**က နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၅ အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုရန် ၂၃-၁၂-၂၀၁၁ ရက်နေ့တွင် လျှောက်ထားလာပါသည်။ ယင်းသို့ လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ (၇) ရက်အတွင်း ခိုင်လုံသောအထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လာရောက် ကန့်ကွက်နိုင်ပါကြောင်း နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း နည်းဥပဒေများ ၁၄ (ဃ) အရ အများသိစေရန် ကြေညာအပ်ပါသည်။

**အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ အလံပုံစံ**



**အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ တံဆိပ်ပုံစံ**



**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

## နိုင်ငံရေးပါတီ မှတ်ပုံတင်ခွင့်များ လာရောက်လျှောက်ထားလျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၂၃**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံရေးပါတီမှတ်ပုံတင်ခွင့် လျှောက်ထားချက်များကို စိစစ်ခွင့်ပြုပေးလျက်ရှိရာ ၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာ ၂၃ ရက်တွင် **အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ**နှင့် **မြန်မာ့လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ**တို့က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ နိုင်ငံရေးပါတီ မှတ်ပုံတင်ခွင့်များ လာရောက်လျှောက်ထားခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## နိုင်ငံရေးပါတီ တည်ထောင်ခွင့်များ စိစစ်ခွင့်ပြုပေးလျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၂၃**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံရေးပါတီ တည်ထောင်ခွင့် လျှောက်ထားချက်များကို စိစစ်ခွင့်ပြုပေးလျက်ရှိရာ စောသန်းကျော်ဦး ပါ (၁၅)ဦးတို့က လျှောက်ထားသည့် **ကရင်ဒီမိုကရက်တစ်ပါတီ** တည်ထောင်ခွင့်လျှောက်ထားချက်သည် ဥပဒေ၊ နည်းဥပဒေများနှင့် ညီညွတ်ကြောင်း တွေ့ရှိရသဖြင့် ကော်မရှင်က ၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာလ ၂၃ ရက်တွင် နိုင်ငံရေးပါတီ တည်ထောင်ခွင့်ပြုခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## စက်သုံးဆီ ရောင်းဈေးနှုန်းများ

**၂၃-၁၂-၂၀၁၁ (သောကြာနေ့)**

| Mean of Platts Singapore Price(MOPS)အရ ရန်ကုန်ဆိပ်ကမ်းအရောက်ဈေးနှုန်း | ဓာတ်ဆီ 92 Ron | ဒီဇယ်ဆီ |
|---|---|---|
| USD/IG | ၃.၃၅ | ၃.၆၆ |
| ကျပ်/ဂါလန် (1 USD=800 Kyats) နိုင်ငံခြားငွေရောင်းဝယ်လဲလှယ်ရေးဌာန (သိမ်ဖြူရောင်းဈေးနှုန်း) | ၂၇၃၀.၂၅ | ၂၉၅၀.၃၀ |

| အိမ်နီးချင်းနိုင်ငံများ၏ ရောင်းဈေးနှုန်းများ | (အမေရိကန်ဒေါ်လာ/ဂါလန်) | |
|---|---|---|
| နိုင်ငံ | ဓာတ်ဆီ 92Ron | ဒီဇယ်ဆီ |
| ကမ္ဘောဒီးယား | ၅.၆၄ | ၅.၆၄ |
| ထိုင်း | ၄.၉၉ | ၄.၁၃ |
| အိန္ဒိယ | ၅.၆၇ | ၄.၀၁ |
| တရုတ် | ၄.၂၉ | ၄.၆၀ |
| ဘင်္ဂလားဒေ့ရှ် | ၄.၉၂ | ၃.၀၆ |
| လာအို | ၆.၃၁ | ၅.၄၅ |
| စင်ကာပူ | ၇.၀၉ | ၅.၅၆ |
| အင်ဒိုနီးရှား | ၃.၅၃ | ၄.၃၂ |
| ဖိလစ်ပိုင် | ၅.၉၇ | ၄.၆၅ |
| ဘရူနိုင်း | ၁.၇၆ | ၁.၀၇ |
| ကိုရီးယား | ၇.၈၃ | ၇.၂၂ |

| ဒေသအလိုက် ပြည်တွင်းရောင်းဈေးနှုန်းများ (ကျပ်/ဂါလန်) | | | | | | |
|---|---|---|---|---|---|---|
| ဒေသများ | ပြည်တွင်းထုတ် ဓာတ်ဆီ | | ပြည်ပမှတင်သွင်းသည့် ဓာတ်ဆီ 92Ron | | ပြည်ပမှတင်သွင်းသည့် ဒီဇယ်ဆီ | |
| | ပုဂ္ဂလိကဆိုင် ရောင်းဈေးနှုန်း | ပြင်ပ ရောင်းဈေးနှုန်း | ပုဂ္ဂလိကဆိုင် ရောင်းဈေးနှုန်း | ပြင်ပ ရောင်းဈေးနှုန်း | ပုဂ္ဂလိကဆိုင် ရောင်းဈေးနှုန်း | ပြင်ပ ရောင်းဈေးနှုန်း |
| နေပြည်တော် | ၂၅၀၀ | ၄၄၀၀ | ၃၈၀၀ | ၃၇၀၀ | ၃၆၀၀ | ၃၅၀၀ |
| ရန်ကုန် | ၂၅၀၀ | ၄၁၀၀ | ၃၆၅၀ | ၃၇၀၀ | ၃၅၀၀ | ၃၃၀၀ |
| မန္တလေး | ၂၅၀၀ | ၄၇၀၀ | ၄၁၀၀ | ၄၁၀၀ | ၃၆၀၀ | ၃၆၀၀ |
| ပုသိမ် | ၂၅၀၀ | ၄၅၀၀ | ၃၈၀၀ | ၃၅၀၀ | ၃၆၀၀ | ၃၃၀၀ |
| ပဲခူး | ၂၅၀၀ | ၄၆၀၀ | ၃၆၅၀ | ၃၆၅၀ | ၃၅၀၀ | ၃၅၀၀ |
| ပြည် | ၂၅၀၀ | ၄၇၀၀ | ၃၉၀၀ | ၄၀၀၀ | ၃၆၀၀ | ၃၅၀၀ |
| မကွေး | ၂၅၀၀ | ၄၀၀၀ | ၄၀၀၀ | ၄၀၀၀ | ၃၈၀၀ | ၃၅၀၀ |
| မုံရွာ | ၂၅၀၀ | ၄၆၀၀ | ၄၂၀၀ | ၃၈၀၀ | ၃၉၀၀ | ၃၃၀၀ |
| တောင်ကြီး | ၂၅၀၀ | ၄၇၀၀ | ၄၀၀၀ | ၄၀၀၀ | ၃၇၀၀ | ၃၆၀၀ |
| လားရှိုး | ၂၅၀၀ | ၃၆၀၀ | ၄၃၅၀ | ၃၉၀၀ | ၃၉၀၀ | ၃၅၀၀ |
| ကျိုင်းတုံ | - | - | ၃၈၅၀ | ၃၈၅၀ | ၄၂၀၀ | ၄၂၀၀ |
| မော်လမြိုင် | ၂၅၀၀ | ၃၇၀၀ | ၃၉၀၀ | ၃၅၀၀ | ၃၅၀၀ | ၃၃၀၀ |
| လွိုင်ကော် | ၂၅၀၀ | ၄၉၀၀ | ၄၁၀၀ | ၄၀၀၀ | ၃၇၀၀ | ၃၇၀၀ |
| ဘားအံ | ၂၅၀၀ | ၃၃၀၀ | ၃၆၀၀ | ၃၁၀၀ | ၃၅၅၀ | ၃၅၀၀ |
| မြိတ် | ၂၅၀၀ | ၂၈၀၀ | - | ၃၀၀၀ | - | ၃၀၀၀ |
| စစ်တွေ | ၂၅၀၀ | ၅၀၀၀ | ၅၄၅၀ | - | ၃၆၀၀ | ၃၄၀၀ |
| မြစ်ကြီးနား | ၂၅၀၀ | ၄၇၀၀ | - | ၄၆၀၀ | ၃၉၀၀ | ၃၉၀၀ |
| ဟားခါး | ၂၅၀၀ | ၅၅၀၀ | ၄၇၅၀ | ၄၇၀၀ | ၄၀၀၀ | ၄၂၀၀ |

၁။ လွတ်လပ်စွာ ပုဂ္ဂလိကတင်သွင်းဖြန့်ဖြူးရောင်းချနေသည့် ဓာတ်ဆီ 92 Ron နှင့် ဒီဇယ်ဆီရောင်းဈေးနှုန်းများသည် အိမ်နီးချင်းနိုင်ငံများ၏ ရောင်းဈေးနှုန်းများနှင့် နှိုင်းယှဉ်ကြည့်ပါက သက်သာမှုရှိသည်ကို တွေ့ရှိရသော်လည်း နေ့စဉ် MOPS ဈေးနှုန်းအရ ရန်ကုန်ဆိပ်ကမ်းအရောက် ဈေးနှုန်းအပေါ်တွင် ခန့်မှန်းရောင်းဈေးနှုန်းကို တွက်ချက်ကြည့်မည်ဆိုပါက ဖြစ်သင့်ဖြစ်ထိုက်သည့် ရောင်းဈေးနှုန်းများထက် ပိုများနေကြောင်း တွေ့ရှိရပါသည်။

၂။ ပြည်တွင်းထုတ်ဓာတ်ဆီကို တစ်နိုင်ငံလုံးတွင် ပုဂ္ဂလိကအရောင်းဆိုင်များမှ တစ်ဂါလန်လျှင် ၂၅၀၀ ကျပ်ဈေးနှုန်း တစ်ပြေးညီဖြင့် ဖြန့်ဖြူးရောင်းချပေးနေသော်လည်း ပြင်ပပေါက်ဈေးနှုန်းသည် ဝိသမလောဘသမားများကြောင့် အဆမတန်မြင့်တက်လျက်ရှိကြောင်း တွေ့ရှိရပါသည်။ **(စွမ်းအင်ဝန်ကြီးဌာန)**

## အကြိမ်(၅၀)မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ ရေ၊ လေ) ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ပွဲ ကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၂၃

**၂၀၁၁ ခုနှစ် အကြိမ်(၅၀)မြောက် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ ရေ၊ လေ) ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ ပေါင်းလောင်းအားကစားကွင်း၌ ကျင်းပသည်။**

ဗိုလ်လုပွဲတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) စခန်းမှူးရုံးအသင်းနှင့် ရန်ကုန်တိုင်းစစ်ဌာနချုပ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ရန်ကုန်တိုင်းစစ်ဌာနချုပ်အသင်းက ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) စခန်းမှူးရုံးအသင်းအား လေးဂိုး- ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

ဗိုလ်လုပွဲအပြီးတွင် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ကျင်းပရာ တတိယဆုရ နေပြည်တော်တိုင်းစစ်ဌာနချုပ်အသင်းအား ငွေသားဆုနှင့် တစ်ဦးချင်းဆုတံဆိပ်များကို ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) စခန်းမှူးရုံး စခန်းမှူး ဗိုလ်မှူးချုပ် ဝင်းသိန်းက လည်းကောင်း၊ ဒုတိယဆုရ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) စခန်းမှူးရုံးအသင်းအား ငွေသားဆုနှင့်တစ်ဦးချင်း ဆုတံဆိပ်များကို ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဗိုလ်ချုပ်လှမြင့်က လည်းကောင်း၊ အကောင်းဆုံး အားကစားသမားဆု ရရှိကြသူများနှင့် အသန့်ရှင်းဆုံး ဆုရ ရန်ကုန်တိုင်းစစ်ဌာနချုပ်အသင်းတို့အား ငွေသားဆုနှင့် ဆုတံဆိပ်များကို နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်အေးက လည်းကောင်း ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ်လှရွှေက ပထမဆုရ ရန်ကုန်တိုင်းစစ်ဌာနချုပ်အသင်းအား ငွေသားဆုနှင့် တစ်ဦးချင်းဆုတံဆိပ်များကို ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး အောင်သန်းထွဋ်က ပထမဆုရ ရန်ကုန်တိုင်းစစ်ဌာနချုပ်အသင်းအား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ တံခွန်စိုက်ဖလားဆုနှင့် ဆင့်ပွားဖလားဆုတို့ကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## ကျွမ်းဘားအားကစားသမားများ ဆန်းစစ်လူရွေးပွဲကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၂၃**

မကြာမီက ကျင်းပပြီးစီးသွားသော အမှတ်(၃)အခြေခံပညာဦးစီးဌာန ကျောင်းပေါင်းစုံကျွမ်းဘားပြိုင်ပွဲ၌ အစွမ်းအစရှိပြီး အလားအလာကောင်းသည့် မျိုးဆက်သစ်လူငယ် ကျွမ်းဘားအားကစားသမားများနှင့် မြန်မာနိုင်ငံ ကျွမ်းဘားအဖွဲ့ချုပ်က လေ့ကျင့်ပေးလျက်ရှိသော ကျွမ်းဘားအားကစားသမားများအား မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပမည့် ၂၀၁၃ ခုနှစ် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲနှင့် အပြည်ပြည်ဆိုင်ရာ ကျွမ်းဘားပြိုင်ပွဲများအတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် ဆန်းစစ်လူရွေးပွဲကို ဒီဇင်ဘာ ၁၆ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူလမ်းရှိ သိမ်ဖြူအားကစားခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ ကျွမ်းဘားအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးဝေလင်းအောင်၊ အထွေထွေအတွင်းရေးမှူး မြန်မာ့လက်ရွေးစင် ကျွမ်းဘားအားကစားသမားဟောင်း ဦးမြင့်အောင်နှင့် အမှုဆောင်များ၊ မျိုးဆက်သစ်လူငယ် ကျွမ်းဘားအားကစားသမားများနှင့် မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ အဆင့်မြင့် ကျွမ်းဘားပညာရှင် Mrs. Yang Yun Ying က အခြေခံမှ လက်ရွေးစင်အားကစားသမား ဖြစ်လာသည်အထိ ကျွမ်းဘားအားကစားလေ့ကျင့်နည်းများ၊ လေ့ကျင့်စဉ်များ၊ နည်းစနစ်များ၊ စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် နိုင်ငံတကာပြိုင်ပွဲများ၌ ပါဝင်ကြသော ကျွမ်းဘားအားကစားနည်းများအတိုင်း ဆန်းစစ်ရွေးချယ်ကြပြီး အဆိုပါ ကျွမ်းဘားအားကစားသမားများအား အဆင့်မြင့်ကျွမ်းဘားပညာရှင် Mrs. Yang Yun Ying က မြန်မာကျွမ်းဘားနည်းပြများနှင့် ပူးတွဲလေ့ကျင့်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## မြေလတ်ဖလား ဖိတ်ခေါ်ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၂၃**

(၄၂)ကြိမ်မြောက် မြေလတ်ဖလား ဖိတ်ခေါ် ဂေါက်သီးရိုက်ပြိုင်ပွဲကို ၂၀၁၁ ခုနှစ် ဒီဇင်ဘာ ၁၇ ရက်နှင့် ၁၈ ရက်တို့တွင် မြင်းခြံမြို့ မြေလတ်ဂေါက်ကလပ်၌ ကျင်းပသည်။

ပြိုင်ပွဲသို့ မြေလတ်ဒေသရှိ မန္တလေး၊ ပြင်ဦးလွင်၊ ကျောက်ဆည်၊ မိတ္ထီလာ၊ ရမည်းသင်း၊ မလှိုင်၊ ပခုက္ကူ၊ နွားထိုးကြီးနှင့် မြင်းခြံမြို့တို့မှ ဂေါက်သီးရိုက်အားကစားသမား ၁၈၀ ခန့်နှင့် အသင်း ၁၇ သင်းတို့ ယှဉ်ပြိုင်ကစားကြပြီး ၁၇ ရက်နေ့က သက်ကြီးတန်း၊ ကြေးအဆင့်အသင်းများမှ နှစ်ဦးစီနှင့် ၁၈ ရက်နေ့တွင် ရွှေအဆင့်၊ ငွေအဆင့်နှင့် အသင်းများမှ နှစ်ဦးစီတို့ ယှဉ်ပြိုင်ကစားကြသည်။

ဆုရရှိသောအသင်းများနှင့် ဂေါက်သီးအားကစားသမားများအား မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးအောင်ဇံ၊ မြင်းခြံခရိုင်အုပ်ချုပ်ရေးမှူး ဦးလှဝင်းတင်၊ ဂေါက်ကလပ်ဥက္ကဋ္ဌ ဦးအောင်သူဝင်း၊ ဦးကျော်လှ၊ ဦးတင်လှိုင်၊ အတွင်းရေးမှူး ဗိုလ်ကြီးရဲမင်း(ငြိမ်း)၊ AGD ဘဏ်၊ ရိုးမဘဏ်၊ ကမ္ဘောဇဘဏ်၊ မြန်မာ့ရေလုပ်ငန်းနှင့် မွေးမြူရေးဘဏ်၊ မြန်မာနိုင်ငံသားများ ဘဏ်တို့မှ ဆုများကို အသီးသီးချီးမြှင့်ကြသည်။ ပြိုင်ပွဲတွင် အကောင်းဆုံးကစားသမားဆုရ စိုးနိုင်အောင်(မြင်းခြံ)အား KM COL., Maruman Red V.2 Driver တစ်ချောင်းကို ချီးမြှင့်ခဲ့သည်။

မြေလတ်ဂေါက်ကလပ်မှ တာဝန်ရှိသူများက (၄၂)ကြိမ်မြောက် မြေလတ်ဖလား ဖိတ်ခေါ်ဂေါက်သီးရိုက်ပြိုင်ပွဲကို အဓိကပံ့ပိုးကူညီသည့် ဒဂုံဗျူရိုကုမ္ပဏီလီမိတက်နှင့် ဝိုင်းဝန်းကူညီပံ့ပိုးကြသည့် Air Bagan Co., Ltd.၊ Han Golf Master Pte Co., Ltd.၊ KM Co., Ltd.၊ AGD ဘဏ်၊ ရိုးမဘဏ်၊ ကမ္ဘောဇဘဏ်၊ မြန်မာ့ရေလုပ်ငန်းနှင့် မွေးမြူရေးဘဏ်၊ မြန်မာနိုင်ငံသားများဘဏ်၊ High Class Nivea ကုမ္ပဏီတို့အား ဂုဏ်ပြု မှတ်တမ်းလွှာများကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရှိရသည်။ (ကြေးမုံ)

## အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

## တစ်ချက်တည်းကျင်းဝင်

**နေပြည်တော် ဒီဇင်ဘာ ၂၃**

ဦးအောင်ခိုင်သည် ကစားဖော်များဖြစ်ကြသော ဦးရဲထွန်းနိုင်၊ ဦးရွှေမောင်ထွန်း၊ ဦးကြည်သူမောင် တို့နှင့်အတူ ဒီဇင်ဘာ ၇ ရက်က မြေလတ်ဂေါက်ကလပ်(မြင်းခြံမြို့)၌ ဂေါက်သီးရိုက်ကစားစဉ် Srixon Soft Feel အမျိုးအစားဘောလုံးကို Homa TW No(8)တုတ်ဖြင့် ရိုက်လိုက်ရာ ၁၄၅ ကိုက်အကွာရှိ ကျင်းအမှတ် (၆)သို့ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားသည်။ (ကြေးမုံ)

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရသစ်လက်ထက် ပထမဆုံးကျင်းပမည့် လွတ်လပ်ရေးနေ့အခမ်းအနား

## အမျိုးသားရေးဦးတည်ချက်(၄)ရပ်နှင့်အညီ နိုင်ငံတစ်ဝန်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်

နေပြည်တော် ဒီဇင်ဘာ ၂၃

**၂၀၁၂ ခုနှစ် (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ကျင်းပရေးဗဟိုကော်မတီ ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီတွင် ပြည်ထောင်စုအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ကျင်းပရေးဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း တက်ရောက်၍ အမှာစကားပြောကြားသည်။**

ညှိနှိုင်းအစည်းအဝေးသို့ ၂၀၁၂ ခုနှစ် (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ကျင်းပရေး ဗဟိုကော်မတီဝင်များ ဖြစ်ကြသည့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသိန်းညွန့်၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်အေးနှင့် ဗဟိုကော်မတီဝင်များ၊ ဆပ်ကော်မတီဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ၂၀၁၂ ခုနှစ် (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက အဖွင့်အမှာစကားပြောကြားရာတွင် ယနေ့ကျင်းပသည့် အစည်းအဝေးသည် ၂၀၁၂ ခုနှစ် (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ကျင်းပရေးဗဟိုကော်မတီ ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေး ဖြစ်ကြောင်း၊ ပထမအကြိမ်ညှိနှိုင်းအစည်းအဝေးကို ဒီဇင်ဘာ ၉ ရက်တွင်ကျင်းပခဲ့ပြီး ဗဟိုကော်မတီ၏အောက်တွင် ဆပ်ကော်မတီများဖွဲ့စည်း၍ လုပ်ငန်းနှင့်တာဝန်များကို တစ်ပါတည်းပေးအပ်ခဲ့ကြောင်း၊ (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားကို အမျိုးသားရေးဦးတည်ချက်များနှင့်အညီ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် စည်ကားသိုက်မြိုက်စွာကျင်းပသွားမည်ဖြစ်ကြောင်း၊ နေပြည်တော်တွင် အလံတင်အခမ်းအနားနှင့် နိုင်ငံတော်အလံအလေးပြုပွဲအခမ်းအနား၊ နိုင်ငံတော်သမ္မတက ပေးပို့သော (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် သဝဏ်လွှာဖတ်ကြားခြင်း၊ ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်များပေးအပ်ခြင်း၊ ညစာစားပွဲကျင်းပခြင်းများကို ကျင်းပဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များ အသီးသီးတွင်လည်း နိုင်ငံတော်အလံအလေးပြုပွဲ၊ နိုင်ငံတော်သမ္မတကပေးပို့သော (၆၄)နှစ်မြောက် **စာမျက်နှာ ၉ ကော်လံ ၁ သို့ ✳**



### အမှာစကားပြောကြား

**(၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ၂၀၁၂ ခုနှစ် (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ကျင်းပရေးဗဟိုကော်မတီ ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။** (သတင်းစဉ်)

## အိပ်ချ်အိုင်ဗွီ ကာကွယ်ဆေးတစ်မျိုး လူသားများဖြင့် စမ်းသပ်တော့မည်

**အော်တဝါ ဒီဇင်ဘာ ၂၃**

ခုခံအားကျဆင်းမှု ကူးစက်ရောဂါအား ဖြစ်ပေါ်စေသော အိပ်ချ်အိုင်ဗွီဗိုင်းရပ်စ်ပိုးကူးစက်ခံရခြင်းမှ ကာကွယ်ပေးမည့် ဆေးသစ်တစ်မျိုးကို ကနေဒါသိပ္ပံပညာရှင်များက ဇန်နဝါရီလတွင် လူသားများဖြင့် စမ်းသပ်သွားမည်ဖြစ်ကြောင်း ဒီဇင်ဘာ ၂၃ ရက် သတင်းကြေညာချက်တစ်ရပ်တွင် ဖော်ပြသည်။

### စမ်းသပ်လေ့လာမည်

ကနေဒါနိုင်ငံ အွန်တေရီယိုပြည်နယ် အနောက်ပိုင်းတက္ကသိုလ်မှ ဗိုင်းရပ်စ်ဗေဒပညာရှင် ဒေါက်တာချီယောင်ကန်း ဦးဆောင်သော သုတေသီများသည် ၎င်းတို့တီထွင်ထုတ်လုပ်ထားသော ကာကွယ်ဆေးကို အိပ်ချ်အိုင်ဗွီဗိုင်းရပ်စ်ပိုးရှိနေသူ လူ ၄၀ နှင့် စမ်းသပ်လေ့လာရန် စီစဉ်ထားသည်။ **စာမျက်နှာ ၉ ကော်လံ ၅ သို့✤**

### အင်တာနက် ကျန်းမာရေးသတင်း

ဘာသာပြန် - ရောမောင်



**အိပ်ချ်အိုင်ဗွီကာကွယ်ဆေးကို ဇန်နဝါရီလအတွင်း လူသားများဖြင့် စမ်းသပ်မည်ဖြစ်သည်။**

## အချိန်အခါမဟုတ် မိုးရွာမည်

**နေပြည်တော် ဒီဇင်ဘာ ၂၃**

ယနေ့နံနက် ၉ နာရီအချိန် မိုးလေဝသတိုင်းထွာချက်များအရ ယနေ့ မွန်းတည့်မှ နောက် ၄၈ နာရီအတွင်း အနောက်တောင်ဘက်မှ လေစွေးများနှင့် အနောက်မြောက်ဘက်မှ လေအေးများစုဆုံမှုကြောင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးရွာနိုင်သည်။

### မိုးသက်လေပြင်း

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံမိုးသက်လေပြင်းများ တိုက်ခတ်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းတိုက်ခတ်စဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီ ၃၅ မိုင်အထိ တိုက်ခတ်နိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သတင်းထုတ်ပြန်ထားသည်။

(သတင်းစဉ်)

### ထူးခြားသည့် ညအပူချိန်များ
(၂၃-၁၂-၂၀၁၁)

| | |
|---|---|
| **ဟားခါးနှင့် ပင်လောင်း** | **၂ ဒီဂရီစင်တီဂရိတ်စီ** |
| **နမ့်စန်နှင့် ဟဲဟိုး** | **၃ ဒီဂရီစင်တီဂရိတ်စီ** |

### နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

**မြန်မာနိုင်ငံ အထက်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးရွာနိုင်သည်။**


ယ နေ့ သ တ င် း အ ညွှ န် း

**အမျိုးသမီးများ ပြည်ပအလုပ်အကိုင်များ၌ အလုပ်လုပ်နိုင်မည်**

“အိမ်ဖော်၊ ဖျော်ဖြေရေးနှင့် သန့်ရှင်းရေးအလုပ်များ လုပ်ကိုင်ခွင့်မပြု၊ ထိုင်း၊ မလေးရှားနှင့် စင်ကာပူနိုင်ငံများသို့သာ စေလွှတ်ရန်ရည်ရွယ်”

ပြည်တွင်းသတင်း စာမျက်နှာ - ၆

**အမေရိကန် တပ်ဖွဲ့ဝင် တစ်သောင်းခန့် အာဖဂန်နစ္စတန်မှ ပြန်ကြပြီ**



နိုင်ငံတကာသတင်း စာမျက်နှာ - ၄